# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ်(၀၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား အပြန်အလှန်ချိတ်ဆက်မှုများ ခိုင်မာအားကောင်းမည်ဆိုပါက ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော မြန်မာနိုင်ငံ ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည့်အတွက် အတူပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့်


စာမျက်နှာ ၃ ကော်လံ ၁ ✻





မြန်မာ့အလင်း

# လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြည်သူကို စည်းရုံးဆောင်ရွက်

ရန်ကုန်တွင် နိုင်ငံ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်း နေထိုင်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာနိုင်သည့် လေကြောင်းတံခါးပေါက်၊ နိုင်ငံ၏ အဓိကပင်လယ်ဆိပ်ကမ်းမြို့၊ နိုင်ငံတွင် စက်မှုဇုန်များ အများဆုံးတည်ရှိသေးသည့်မြို့ စသည်ဖြင့် အချက်အချာကျသော စီးပွားရေးမြို့တော်ကြီးလည်းဖြစ်ရာ ရန်ကုန်မြို့တော်တည်ငြိမ်အေးချမ်းရေး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ လွန်စွာအရေးကြီးသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲမသမာမှုအပေါ်တွင် အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် နိုင်ငံရေးအပြောင်းအလဲအပေါ်တွင် ဆန္ဒပြမှုများမှစတင်ကာ အစွန်းရောက်သူတို့က အကြမ်းဖက်လမ်းကြောင်းကို ရွေးချယ်ခဲ့ပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေခဲ့သည်။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာသတ်မှတ်ထားသည့် NUG နှင့် CRPH တို့၏ မြှောက်ပင့်ပေးမှုများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့်အတူ တော်လှန်ရေးဟူ၍ အမည်ခံထားသည့် အကြမ်းဖက်လုပ်ရပ်များ၊ လုပ်ကြံသတ်ဖြတ်မှုများသည် မြန်မာနိုင်ငံ၏ အခြားဒေသများနှင့်အတူ ရန်ကုန်မြို့တွင်လည်း ဖြစ်ပေါ်ခဲ့သည်။ အစိုးရ၏ ဒေါက်တိုင်၊ သူလျှိုဒလန်များအဖြစ် စွပ်စွဲသတ်ဖြတ်ခံခဲ့ရသူများမှာ ဝန်ထမ်းများ၊ အဖြစ်မဲ့ပြည်သူများသာဖြစ်ပြီး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်အုပ်စုများ၏ လုပ်ကြံသတ်ဖြတ် ကျူးလွန်မှုများကို မှန်ကန်သယောင် ရေးသားထုတ်လွှင့်ဖုံးဖိပေးကြပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ကြရသည့် လုံခြုံရေးတပ်ဖွဲ့များနှင့် စပ်လျဉ်း၍ မမှန်မကန်သတင်းများ၊ သာသာထိုးထိုး အရေးအသားများဖြင့် အများပြည်သူအထင်အမြင်လွဲမှားစေရန် ဖန်တီးပုံဖော်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေးတို့သည် အလေးထားဆောင်ရွက်ရန် လိုအပ်သည်နှင့်အမျှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား အောက်တိုဘာ ၁၀ ရက်နေ့က တွေ့ဆုံအမှာစကားပြောကြားရာတွင် "မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ရန်အတွက် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် ပြည်သူနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိရန် လိုကြောင်း၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပေါ့ပေါ့ဆဆ ဆောင်ရွက်ခြင်းမရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည့်အပြင် "ကဏ္ဍစုံတွင် ပြည်သူများပါသည့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ထိခိုက်အောင်ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျောသားရင်သား မခွဲခြားဘဲ ဆောင်ရွက်ကြရန်လိုကြောင်း"ဟူ၍လည်း မှာကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးတို့အတွက် ပေးအပ်ထားသော တာဝန်များကို ဆောင်ရွက်ကြရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ အဓိကကျသဖြင့် ပြည်သူကို စည်းရုံးဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်။ တစ်ဖက်တွင်လည်း အဖျက်သမား၊ အကြမ်းဖက်သမားတို့က ပြည်သူများအကြားမှာပင် အသွင်ယူနေထိုင်ကာ အဖျက်လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို အလစ်အငိုက်ယူ၍ ကျူးလွန်လုပ်ကိုင်နေကြခြင်းဖြစ်သည့်အတွက် မပေါ့မဆသော သတိတရားဖြင့် တာဝန်ထမ်းဆောင်ကြရမှာလည်း ဖြစ်သည်။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီးထားသည့် သတင်းများ ချဲ့ကားဖန်တီးသွေးထိုးထားမှုများ ရှိနေသည့်အလျောက် ပြည်သူများအတွင်း နားလည်မှုလွဲမှားနေသည့် အစိတ်အပိုင်းများလည်း ရှိနေမည်ဖြစ်ရာ စစ်မှန်သော စေတနာ၊ မှန်ကန်သောလုပ်ရပ်၊ သတိတရား၊ ဉာဏ်ပညာတို့ဖြင့် ပြည်သူကို စည်းရုံးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရုရှားနိုင်ငံရှိ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကုမ္ပဏီနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သော Russian Energy Week International Forum (REW 2021)သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်တွင် ရုရှားနိုင်ငံရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ကုမ္ပဏီနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။ (အောက်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် TMK ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုမ္ပဏီက တည်ဆောက်ပြီးစီးခဲ့သော ကုန်းတွင်းရေနံပိုက်လိုင်း တည်ဆောက်မှု နည်းပညာများနှင့် လုပ်ငန်းအတွေ့အကြုံများ ရှင်းလင်းတင်ပြမှုကို ကြည့်ရှုခဲ့ပြီး သိရှိလိုသည့် အချက်အလက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr. Sergey Kulagin ဦးဆောင်သောအဖွဲ့နှင့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ "INSET" အမှတ်တံဆိပ် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်တာဘိုင်စက်များ၏ ထုတ်လုပ်တပ်ဆင်မှုဆိုင်ရာကိစ္စ၊ စွမ်းဆောင်ရည်မြင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်များ၏ စက်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် PSB ဘဏ်မှ တာဝန်ရှိသူများ၊ STG-E Engineering မှ CEO တို့နှင့်အတူ ဘဏ်လုပ်ငန်းများ၏ ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် ရေနံတူးဖော်ထုတ်လုပ်ရေး အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် LLC (DOLSPECEXPORT) မှ တာဝန်ရှိသူနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများဆိုင်ရာ ရင်းနှီးမြှုပ်နှံနိုင်မှုနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် အောက်တိုဘာ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၁၂ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ခုနစ်ခုမှ Dolo-Denk Gel ၃၆၀၉၆ ခု၊ Metagard Cr-35 Tablet အခု ၉၆၀၀၀၊ Solvin Tablet ၆၈၂ ခု၊ Qutero Tablet ၁၆၇၅ ခု၊ Ec-Pram Tablet ၁၀၃၆ ခု၊ Methyl-prednisolone ၁၇၀၂၆ ခု၊ Daclaceet Tablet ၅၆ ခု၊ Lazon Tablet အခု ၃၀၀၊ Oxygen Concentrator Spare Parts ၁၀ ခု။

ရန်ကုန်ဆိပ်ကမ်းများမှ Mask အခု ၁၁၇၃၆၀၊ Oxygen Plant ၁၀ ခု၊ Oxygen Cylinder ၁၅၁၃ ခု၊ Oxygen Regulator/Flow Meter အခု ၂၇၀၀၊ ဆေးမျိုးစုံ ၅၅ မျိုး (၂၅၉၁၁.၈၀ Kg)။

နယ်စပ်(မြဝတီ၊ ကန်ပိုက်တီး၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ခုနစ်ခုတို့မှ Mask ၄၁၈၁၂ Kg၊ Liquid Oxygen ၁၅၁၈၅ m³၊ Oxygen Plant နှစ်ခု၊ Dispo Sable Cap ၂၂၄၀ Kg၊ Glucose Injection ၄၄၉၄၈ Kg၊ Omega 3 fish oil ၆၅၂၈ kg၊ Vitamin B12 Injection ၆၆၆၅ Kg၊ Vitamin B6 Injection ၄၃၇၀ Kg၊ Vitamin -C Injection ၁၆၈၉၆ Kg၊ Portable Folding Stretcher Bed ၅၆ ခု၊ Royal Bcom (Capsule) ၂၀၀၄ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

❊ ရှေ့ဖုံးမှ

တာဝန်ရှိသူများတက်ရောက်ကြပြီး ဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

### ပိုမိုတိုးမြှင့်ဆောင်ရွက်

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ကျင်းပနေကြကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကမ္ဘာတွင် နှစ်စဉ်ပိုမိုကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အလေးထားပြီး ထိရောက်စွာ စီမံခန့်ခွဲလျှော့ချနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်ထိ (၁၀)နှစ်တာကာလကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေး ဆယ်စုနှစ် (The International Decade for Natural Disaster Reduction – IDNDR) အဖြစ် သတ်မှတ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ပါးသက်သာရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများအားလုံး ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း။

### ချမှတ်ဆောင်ရွက်

ယခုကဲ့သို့ ဆယ်စုနှစ်သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရမှုများ သိသာစွာလျော့နည်းသွားမှု မရှိသည့်အတွက် ဆယ်စုနှစ်အစီအစဉ် အကောင်အထည်ဖော်နေဆဲကာလဖြစ်သည့် ၁၉၉၄ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပထမဆုံးအကြိမ် ကမ္ဘာ့ညီလာခံကိုကျင်းပပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးရေးတို့နှင့်ပတ်သက်သည့် ယိုကိုဟားမားမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံ ယိုဂိုမြို့တွင် ကျင်းပခဲ့ပြီး ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ယိုဂိုမူဘောင် (၂၀၀၅-၂၀၁၅)ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လတွင် တတိယအကြိမ် ကမ္ဘာ့ညီလာခံက ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)ကိုလည်းကောင်း အသီးသီးရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြပါကြောင်း။

### နှစ်စဉ်မပျက်ကျင်းပခဲ့

မြန်မာနိုင်ငံအနေဖြင့် ယိုဂိုမူဘောင်နှင့် ဆန်ဒိုင်းမူဘောင်ပါလုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ရေမြေသဘာဝနှင့် တည်ရှိမှုအနေအထားများအရ ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များကို မိမိတို့တွင်ရှိသည့် အရင်းအမြစ်များနှင့် လိုက်လျောညီထွေသော လုပ်ငန်းစီမံချက်များ၊ ဖွဲ့စည်းဆောင်ရွက်မှုများဖြင့် စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို (၂၀၁၀)ပြည့်နှစ်ကစပြီး နှစ်စဉ်မပျက် ကျင်းပခဲ့ပါကြောင်း၊ ကျင်းပသည့်အခါတွင် ဦးတည်ကဏ္ဍများ၊ လုပ်ငန်းနယ်ပယ်များအလိုက် နှစ်စဉ်သတ်မှတ်ထားသည့် ဆောင်ပုဒ်များအတိုင်း ကျင်းပခဲ့ပြီး ယခုနှစ်အခမ်းအနားအတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့၊ တွဲလက်ခိုင်မာ ပူးပေါင်းစို့" "Only together..Can we save the planet!" ဖြစ်ပါကြောင်း။

### သတ်မှတ်ထားသည့်ဆောင်ပုဒ်ဖြစ်

ယင်းဆောင်ပုဒ်သည် ကမ္ဘာ့နိုင်ငံအားလုံး သဘောတူလက်ခံပြီး ကျင့်သုံးအကောင်အထည်ဖော်နေသည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)၏ ပန်းတိုင်(၇)ခုအနက် ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ရမည့် ပန်းတိုင်(၆) (Target F)ဖြစ်သော ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံတော်အဆင့် လုပ်ငန်းဆောင်ရွက်မှုများသို့ လုံလောက်သော ထောက်ပံ့မှုများကို ပေးနိုင်ရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အရောက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်ဟူသည့် ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးနှင့်အညီ သတ်မှတ်ထားသည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း။

ယင်းဆောင်ပုဒ်နှင့်အညီ ယခုနှစ်အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ဖြစ်ပွားနိုင်ခြေများပြားပြီး ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နေရာဒေသများ၊ သက်ရှိ၊ သက်မဲ့များ၊ သဘာဝပတ်ဝန်းကျင်များကို ဖျက်ဆီးခံရမှု၊ ထိခိုက်စေမှု၊ ဆုံးရှုံးစေမှုများမှ ကာကွယ်ပေးနိုင်ရန်၊ လျှော့ချပေးနိုင်ရန်၊ လျော့ပါးစေရန်အတွက် ပြီးခဲ့သည့်ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး ကျယ်ပြန့်သည့် အသိပညာဖြန့်ဝေမှု လုပ်ငန်းစဉ်ကြီး ဖြစ်ထွန်းလာရေးကို ရည်မှန်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပေါ်ပေါက်လာသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကြားက ဆောင်ရွက်နေသည့် အမျိုးသားအဆင့်၊ ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများတွင် နိုင်ငံတကာကူညီထောက်ပံ့သူများ၊ အဖွဲ့အစည်းများအနေနှင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပူးပေါင်းဆောင်ရွက်မှ ကောင်းမွန်တိုးတက်သည့် ရလဒ်ကောင်းများ ရရှိနေသည့်အဖွဲ့အစည်းများကိုလည်း စံနမူနာပြုဖော်ထုတ်ပေးရန် အစီအမံများကို မြှင့်တင်လိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

### အထင်ရှားဆုံးသာဓက တစ်ခုဖြစ်

၂၀၀၈ ခုနှစ်က တွေ့ကြုံခံစားခဲ့ရသည့် နာဂစ်မုန်တိုင်းသည် မိမိတို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုသမိုင်းကြောင်းတွင် အဖျက်စွမ်းအားအကြီးမားဆုံးနှင့် အာရှဒေသတစ်ခုလုံးတွင်လည်း ၁၉၉၁ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ရသည့် ရာသီဥတုပြောင်းလဲမှု၏ အထင်ရှားဆုံးသာဓက တစ်ခုဖြစ်ပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးစသော ကမ္ဘာမြေထိန်းသိမ်းရေးကိစ္စရပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းစာအုပ်များ၊ အသိပညာပေးလက်ကမ်းစာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာစဉ်။

■ **မိမိတို့နိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကပ်ရောဂါဘေးများ၊ သဘာဝဘေးများ၊ လူသားများ၏လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာရသည့် ဘေးအန္တရာယ်များစသည့် ဘေးအမျိုးမျိုး၏ ထိခိုက်နိုင်မှုများကို လျှော့ချဆောင်ရွက်ကြရာတွင် ရရှိနိုင်မည့် ပြည်တွင်း၊ ပြည်ပကူညီထောက်ပံ့မှုများကို အကျိုးရှိထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိဌာန၊ အဖွဲ့အစည်းများအနေဖြင့် အထူးအလေးဂရုပြုဆောင်ရွက်**

■ **ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား အပြန်အလှန် ချိတ်ဆက်မှုများ ခိုင်မာအားကောင်းမည်ဆိုပါက မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းယန္တရား စဉ်ဆက်မပြတ်လည်ပတ်နိုင်ပြီး မျှော်မှန်းထားသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော မြန်မာနိုင်ငံဖြစ်ထွန်းလာနိုင်မည်ဖြစ်သည့်အတွက် အတူပူးပေါင်းပါဝင်**

စာမျက်နှာ ၃ မှ
ကမ္ဘာ့ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့မြေထိပ်သီး အစည်းအဝေး (World Earth Summit) စသော ညီလာခံများ၊ အစည်းအဝေးများကို စဉ်ဆက်မပြတ် ကျင်းပခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတို သဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap ၊ ပဲရစ်(စ်) သဘောတူညီချက် (Paris Agreement) အစရှိသည့် စာချုပ်များ၊ သဘောတူညီချက်များ များစွာထွက်ပေါ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအများစုက လိုက်ပါဆောင်ရွက်ခဲ့ပါကြောင်း။

### ပေါက်ရောက်အောင်မြင်နိုင်

ကမ္ဘာ့မြေထိန်းသိမ်းမှုနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများမဟုတ်ဘဲ နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းက နယ်ပယ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ ကမ္ဘာလုံးအတိုင်းအတာ၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အတိုင်းအတာအလိုက် မျှော်မှန်းထားချက်များကို ပေါက်ရောက်အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)၏ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းထားချက် ပန်းတိုင်(၇) ချက် (7 Global Targets) အနက် ယခုနှစ်၏ပန်းတိုင်သည် ကမ္ဘာကြီးတည်တံ့ရန်နှင့် သက်ရှိ၊ သက်မဲ့များကို ဘေးအန္တရာယ်များ၏ ထိခိုက်ခံရမှုမှ လျော့နည်းသက်သာစေရန်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကိုမြှင့်တင်ရန်၊ အထူးသဖြင့် နိုင်ငံတကာထောက်ပံ့ကူညီရေး အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပိုမိုထောက်ပံ့ကူညီလုပ်ဆောင်ပေးရန်ဆိုသည့် ပန်းတိုင်ကို သတ်မှတ်ထားပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ယင်းပန်းတိုင်နှင့် လိုက်လျောညီထွေစွာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်ဆောင်ရွက်နေကြသည်ကို အထင်အရှား တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

### အတူပူးပေါင်းပါဝင်ဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါ ကဲ့သို့ ကပ်ရောဂါဘေးများ၊ သဘာဝဘေးများ၊ လူသားများ၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာရသည့် ဘေးအန္တရာယ်များ စသည့်ဘေးအမျိုးမျိုး၏ ထိခိုက်နိုင်မှုများကို လျှော့ချဆောင်ရွက်ကြရာတွင် ရရှိနိုင်မည့် ပြည်တွင်း၊ ပြည်ပကူညီထောက်ပံ့မှုများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အထူးအလေး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာန၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန် အချိတ်အဆက် မိမိ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား အချင်းချင်းချိတ်ဆက်မှု၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား အပြန်အလှန် ချိတ်ဆက်မှုများ ခိုင်မာအားကောင်းမည်ဆိုပါက မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းယန္တရား စဉ်ဆက်မပြတ်လည်ပတ်နိုင်ပြီး မျှော်မှန်းထားသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော မြန်မာနိုင်ငံ ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည့်အတွက် အတူပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂရုံးအကြီးအကဲတို့ထံမှ ပေးပို့သည့် သဝဏ်လွှာ (Video Message)များကိုပြသသည်။ ဆက်လက်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းစာအုပ်များ၊ အသိပညာပေးလက်ကမ်းစာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ၏ “ဂေဟစနစ် ပြန်လည်တည်ထောင်ခြင်း ဆယ်စုနှစ်”သည် ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်နေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ညီလာခံ အဖွဲ့ဝင်နိုင်ငံများ၏ (၁၅) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် “ကမ္ဘာပေါ်ရှိသက်ရှိအားလုံး မျှဝေခံစားနိုင်သည့် အနာဂတ်အတွက် ဂေဟဗေဒဆိုင်ရာ အသွင်ပြောင်းလဲတည်ဆောက်ခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ (ယာပုံ)




### အဖွင့်အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr Huang Runqiu က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင် ညွှန်ကြားရေးမှူး Ms. Inger Anerson နှင့် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၊ အတွင်းရေးမှူးချုပ် Ms. Elizabeth Maruma Mrema တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံတွင် သစ်တောများ ထာဝစဉ်တည်တံ့ရေး၊ အတန်းအစားကျဆင်းနေသော သစ်တောများ၊ ဂေဟစနစ်များ ပြန်လည်တည်ထောင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတို့ကို အရှိန်အဟုန် ပိုမိုမြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀ နှစ်) စီမံကိန်းကိုလည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (၁၀ နှစ်) စီမံကိန်းကိုလည်းကောင်း နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ သဘာဝထိန်းသိမ်းရေး နယ်မြေ ၄၆ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၈ ရာခိုင်နှုန်း ဖွဲ့စည်းထားပြီး နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏ “ဂေဟစနစ်ပြန်လည်တည်ထောင်ခြင်း ဆယ်စုနှစ်”သည် ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်နေပြီဖြစ်ရာ မြန်မာနိုင်ငံ အနေဖြင့်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သဘာဝကိုအခြေခံသည့် ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions) ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းနှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် ရည်မှန်းချက်များ အောင်မြင်စေရေးတို့ကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် “ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပြီး ဒေသခံပြည်သူများပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုများ ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက် ရှိပါကြောင်း ဆွေးနွေးသည်။

### ကိုယ်စားလှယ်များတက်ရောက်

အစည်းအဝေးသို့ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲညီလာခံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေ ခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# (၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကန်တော့ခံရုပ်ရှင်သက်ကြီးအနုပညာရှင်များအား ပူဇော်ကန်တော့ကြစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၃**

(၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပပြုလုပ်သည်။

ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အသက် ၇၀ နှစ်အထက် ရုပ်ရှင်ပညာရှင်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်ကလည်းကောင်း၊ Forever Group နှင့် ရွှေသံလွင်ကုမ္ပဏီတို့က လှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများကို တာဝန်ရှိသူများက လည်းကောင်း၊ တစ်မိုးအောက် မြန်မာလူမှုကယ်ဆယ်ရေးအဖွဲ့က လှူဒါန်းသည့် Oxygen Concentrator ၁၀ လုံးကို အကယ်ဒမီရန်အောင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက ကန်တော့ခံ သက်ကြီးအနုပညာရှင်များအား ပူဇော်ကန်တော့ကြပြီး ရုပ်ရှင်သက်ကြီးအနုပညာရှင် အကယ်ဒမီ စည်သူဦးကြည်စိုးထွန်းက ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကန်တော့ခံရုပ်ရှင်သက်ကြီးအနုပညာရှင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**အခက်အခဲအချို့ကြုံတွေ့နေကြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မုဒိတာစကားပြောကြားရာတွင် သက်ကြီး ဘိုးဘွားမိဘပညာရှင်များကို ယခုကဲ့သို့ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပူဇော်ကန်တော့ခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေနယ်ပယ်မှ ပုဂ္ဂိုလ်များကို ပညာရှင်များအဖြစ် တန်ဖိုးထားပါကြောင်း၊ ရုပ်ရှင်ပညာရှင်ကြီးများ၏ ကျန်းမာရေး၊ လူမှုရေး အပါအဝင် လိုအပ်ချက်များရှိပါက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ယနေ့အချိန်တွင် ရုပ်ရှင်အနုပညာလုပ်ငန်းများ ရပ်ဆိုင်းထားရသဖြင့် အနုပညာနယ်ပယ်အသီးသီးတွင် အခက်အခဲအချို့ ကြုံတွေ့နေကြပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေစသည့် အနုပညာကဏ္ဍအသီးသီး ပြန်လည်ရှင်သန်လှုပ်ရှားနိုင်ရေးအတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မကြာမီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်၍ ရုပ်ရှင် အနုပညာများ ပြန်လည်လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်နယ်ပယ်ကို စွန့်ခွာသွားကြသူများအတွက် စိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိတို့ အားလုံး၏ အနာဂတ်ပိုမိုကောင်းမွန်စေရန်နှင့် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရေးအတွက် ရုပ်ရှင်အနုပညာရှင်အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရုပ်ရှင်သက်ကြီးပညာရှင်များအားလုံး ကျန်းမာစွာဖြင့် ရုပ်ရှင်လောကအကျိုး၊ နိုင်ငံအကျိုးကို ပြန်လည်ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကန်တော့ခံ ရုပ်ရှင် သက်ကြီးပညာရှင်ကြီးများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်ချက်များ မေးမြန်းဆွေးနွေးသည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် မြန်မာ့ပထမဆုံးရုပ်ရှင် “မေတ္တာနှင့်သူရာ” ဇာတ်ကားကို ရုံတင်ပြသနိုင်ခဲ့သဖြင့် ယင်းနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် အောက်တိုဘာ ၁၃ ရက်နေ့ ရောက်တိုင်း ရုပ်ရှင်သက်ကြီးပညာရှင်ကြီးများကို ပူဇော်ကန်တော့ပွဲများ ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် (၄၄) ကြိမ်မြောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ရှစ်လတာခရီးဖြတ်သန်းခဲ့ပြီ

ကနောင်

*(ယမန်နေ့မှအဆက်)*

မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအရေး ဖြေရှင်းပေးရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံတွင် ငွေကြေးလိမ်လည်ခံရပြီး နေရပ်ပြန်ရန် အခက်တွေ့နေသူ မြန်မာနိုင်ငံသား ၁၇ ဦးအား နိုင်ငံတော်မှ ကုန်ကျစရိတ် ကျခံ၍ ပြန်လည်ခေါ်ဆောင်ပေးခဲ့သဖြင့် စက်တင်ဘာ ၆ ရက်နှင့် ၂၀ ရက်တို့တွင် ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ကနဦးနှင့် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက်တွင် စတင်ဆောင်ရွက်ပေးခဲ့သည့်အပြင် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးဝန်ဆောင်မှုရပ်ဆိုင်းထားသည့် ကာလများကို လျှော့ပေါ့ပေးခြင်း၊ ယာဉ်စစ်ဆေးကင်းလွတ်ဖြင့် သက်တမ်းတိုးပေးခြင်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။ ထို့အတူ မြန်မာ့မီးရထားမှ ပြည်သူများ သွားလာမှု လွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စက်တင်ဘာ ၂၃ ရက်မှစတင်၍ ရန်ကုန်-နေပြည်တော် လူစီးအမြန်ရထား၊ ရန်ကုန်-ပဲခူး RBE ရထားနှစ်စင်း၊ အင်းစိန်-ဥက္ကံလမ်းပိုင်း RBE ရထားနှစ်စင်း၊ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း လူစီးကုန်တင်ရထားသုံးစင်းတို့ကို မူလနှင့် ပေါင်းစပ်တိုးချဲ့ ပြေးဆွဲပေးခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ ဘဝနောင်ရေး အာမခံချက်ရရှိစေရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ရရှိထားသည့်ဆုတံဆိပ်ပေါ် အခြေခံ၍ ပင်စင်အဖြစ်ပေးအပ်နိုင်ရေး၊ လူဦးရေစာရင်းပြုစုနိုင်ရေး၊ မသန်စွမ်းအားကစားသမားများကို ဖြည့်စွက်ထောက်ပံ့နိုင်ရေး စသည်တို့ကို စက်တင်ဘာ ၁ ရက်က ဆွေးနွေးခဲ့ကြသည်။

အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခြင်းမရှိသော ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ ဖမ်းဆီးထိန်းသိမ်းခဲ့သူ ၅၃၁၅ ဦးအား လွှတ်ပေးခဲ့ပြီး သတင်းပို့ဆက်သွယ်လာသူ ၇၀၂ ဦးတို့၏ အမှုများကို ပိတ်သိမ်း၊ ရုပ်သိမ်းပေးခဲ့ကြောင်း သိရှိရပါသည်။

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများက ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အတူ ရေဝင်ရောက်သည့်နေရာများတွင် အမှိုက်ပိတ်ဆို့ခြင်း၊ မြေကမ်းပါးပြိုကျခြင်းများ ကြုံရသည့် ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းခြင်း၊ ပြန်လည်တည်ဆောက်ရှင်းလင်းခြင်းများကို အချိန်မဆိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အတူ မသန်စွမ်းသူများ၊ ထိခိုက်လွယ်အုပ်စုဝင်များနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်များ ဆက်လက်ထောက်ပံ့ပေးနေသည်ကိုလည်း မြင်တွေ့ရသည်။



စက်တင်ဘာ ၁၈ ရက်က ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ် အထက်ရှိပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

**စီးပွားရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရေးကြိုးပမ်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စက်တင်ဘာ ၃ ရက် ရက်စွဲဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်တင်ပို့သူများသည် မိမိတို့ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ပြီးသည့် ပို့ကုန်ရငွေအနက် အသုံးပြုကျန်ရှိသည့် ပို့ကုန်ရငွေများကို ပို့ကုန်ရငွေဝင်ရောက်ပြီး လေးလအတွင်း သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များသို့ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက်ရောင်းချရန် ထုတ်ပြန်ခဲ့သည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Core Banking and Trade Finance နှင့် ERP System တို့ စတင်အသုံးပြု မိတ်ဆက်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် (၁၈)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ကုန်စည်ပြခန်း ၂၂ ခန်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ယွန်းထည်၊ ချည်ထည်စသည်တို့ ပါဝင်ပြသခဲ့သည်။ ပြပွဲဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အွန်လိုင်းမှတက်ရောက်ခဲ့ပြီး တရုတ်နှင့် အာဆီယံနိုင်ငံများက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး အစီအစဉ်များနှင့် လှူဒါန်းခြင်းများအတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးယူထားသည့် စီးပွားရေးလုပ်ငန်းများသည် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေသက်တမ်း တစ်နှစ်ခွဲစေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ် နောက်ထပ်ခြောက်လထပ်မံသက်တမ်းတိုးမြှင့်ခွင့်ရရှိကြောင်း ထုတ်ပြန်ထားသည်။ ထို့အတူ ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသည့် မွေးမြူရေးကဏ္ဍမှ လုပ်ငန်းများ ချေးငွေလျှောက်ထားနိုင်ကြောင်း စက်တင်ဘာ ၁၁ ရက်က အသိပေးကြေညာထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့၏ စီစဉ်မှုဖြင့် စက်သုံးဆီများကို သက်သာသည့် ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် စက်တင်ဘာ ၂၂ ရက်က စတင်ခဲ့ကြောင်း သိရှိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် သတ်မှတ်ထားသည့် ဈေးနှုန်းသက်သာသောနှုန်းဖြင့်ရောင်းချမည့် ဆီဆိုင်အမည်နှင့် လိပ်စာများကိုလည်း အများပြည်သူ သိရှိနိုင်ရေးအတွက် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။

**စိုက်မွေးစီးပွားကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရန်ကြိုးပမ်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြက်သွန်နီစိုက် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၁ ရက်က တွေ့ဆုံခဲ့ပြီး စတင်စိုက်ပျိုးမှုမှသည် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်အထိ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်မှ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်စေရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင်ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည်များကို ဖြည့်တင်းပေးခြင်းတို့ကို တွေ့ရသည်။

စားသုံးဆီဖူလုံပိုလျှံရေးအတွက် အဖြေထုတ်ပေးနိုင်ခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကိုလည်း စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ သုံးစွဲနိုင်ရေးနှင့် ဆီထွက်သီးနှံထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဗုဒ္ဓဟူးနေ့စကားဝိုင်းအစီအစဉ်တွင် ထည့်သွင်းထားသည်။

**ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေး**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူများ သိရှိလိုက်နာရန် အမိန့်ကြေညာစာများကိုလည်း နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်ပြန်၍ ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများကိုလည်း ယခုလအတွင်း ချမှတ်နိုင်ခဲ့သည်။

*စာမျက်နှာ ၇ သို့*

* နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်း၍ ရည်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ ဦးလည်မသုန် ဆောင်ရွက်၍ နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်မှာ ရှစ်လတာပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ လာမည့် အနာဂတ်အတွက် အစိုးရနှင့်ပြည်သူပူးပေါင်း၍ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးဆီသို့ အမြန်ဆုံးရောက်ရှိမည်ဟု ယုံကြည်မိ

*စာမျက်နှာ ၆ မှ*

စေတနာရှင်ပြည်သူများက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်နယ်အစိုးရအဖွဲ့များထံ ကျန်းမာရေးစောင့်ရှောက်မှု စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးနှင့် အသုံးအဆောင်များ ထောက်ပံ့လှူဒါန်းခြင်းတို့ကို စက်တင်ဘာလအတွင်းမြင်တွေ့ရသည်။ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်စာသင်တိုက်များ အပါအဝင် ဘာသာအသီးသီးရှိ ဘာသာရေးဆိုင်ရာနေရာများတွင် ကျန်းမာရေး စစ်ဆေးပေးခြင်းကို ယခုလအတွင်း ဒေသအသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဝေးလံခေါင်ဖျားသော ဒေသများမှ ဒေသခံများ၊ နေရပ်စွန့်ခွာစခန်းများတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်များကို ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ ထို့ပြင် ပြည်သူလူထု၏ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့မှုများကြောင့် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာခြင်း၊ ကျန်းမာရေးအသိပညာများ ပေးအပ်နိုင်ခဲ့ခြင်း စသည်တို့ကြောင့် စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အား နေအိမ်တွင် နေထိုင်ရန် အကျုံးဝင်ခြင်းမှ စက်တင်ဘာ ၂၅ ရက်တွင် ပယ်ဖျက်ပေးနိုင်ခဲ့သည်။

တိုင်းရင်းဆေးဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများ အသုံးပြုအားထားနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက်က ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။ ကိုဗစ်-၁၉ အတွက် အသုံးပြုမည့် တိုင်းရင်းဆေးဝါးကို စနစ်တကျ သုတေသနပြုရန်အတွက် ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော် ဆေးသုတေသနတပ်တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆေးခါးကြီးကဲ့သို့ ဆေးဖက်ဝင်ကုန်ကြမ်းများ လုံလောက်စွာရရှိစေရေးအတွက် ညှိနှိုင်း အဖြေရှာခဲ့ကြသည်ကို မြင်တွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ ၂၄ သန်း စာချုပ်ချုပ်ဆိုဝယ်ယူထားသည့်အနက် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းသည် စက်တင်ဘာ ၁၂ ရက်နေ့တွင် တစ်ကြိမ်၊ စက်တင်ဘာ ၂၆ ရက်တွင် တစ်ကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယင်းနေ့အထိ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအတွက် ဝယ်ယူထားသည့် Covidshield နှစ်သန်း၊ Sinopharm ဆယ်သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၄ သန်း Doses ရောက်ရှိခဲ့ပြီဖြစ်သည်။ ကာကွယ်ဆေးများကို ဒေသအသီးသီးသို့ မြေပြင်လမ်းကြောင်းမှလည်းကောင်း၊ တပ်မတော်လေနှင့် မြန်မာ့လေကြောင်းတို့ဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေ ထိုးနှံပေးလျက်ရှိပါသည်။

**သတင်းနှင့်ပြန်ကြားရေး**

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်နေမှု အခြေအနေများကို မြန်မာနိုင်ငံအခြေစိုက်သံတမန်များအား တွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ)တွင် ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အဓိကရုဏ်းဖြစ်ပွားမှုနှင့် အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ရန် မှာကြားကြောင်း စသည်ဖြင့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ဌာနအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပေးခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ တက်ရောက်ခဲ့ကြသည်။။

နိုင်ငံတော်နှင့် ပြည်သူအတွက် သတင်းမှန်ပြန်ကြားပေးနိုင်ရေး၊ နိုင်ငံပိုင်မီဒီယာများနှင့် ပုဂ္ဂလိကမီဒီယာများအကြား အပြန်အလှန်နားလည်ယုံကြည်မှုတည်ဆောက်ရေး၊ နိုင်ငံတော်နှင့်ပြည်သူအကျိုးကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဆောင်နိုင်မည့် ကိစ္စရပ်များ၊ မီဒီယာသမားများအတွက် အချိန်မီ သတင်းပြန်ကြားပေးနိုင်ရေးအစီအမံများ စသည့် ကောလာဟလနှင့် မဟုတ်မမှန်သတင်းများကို ဟန့်တားနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်တွင်းပြည်ပမီဒီယာများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ စက်တင်ဘာ ၈ ရက် သတင်းထုတ်ပြန်ချက်တွင် အကြမ်းဖက်အဖွဲ့ NUG မှ အရေးပေါ်ကြေညာချက်ထုတ်ပြန်ခြင်းသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝများနှင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် အကြမ်းဖက်လှုံ့ဆော်လာခြင်းဖြစ်ကြောင်း၊ EAOs (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့)များဖြင့် ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့၏ စက်တင်ဘာ ၇ ရက်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများကို သတင်းထုတ်ပြန်ချက်အတွင်း ဖော်ပြထားသည်။ တပ်မတော်၏ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ နယ်စပ်ဒေသများတွင် ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးရေးတို့ ဆောင်ရွက်လျက်ရှိသည့် စီမံချက်များ၊ အဖွဲ့အစည်းများမှ NUG ၏ အကြမ်းဖက်လှုံ့ဆော်ကြေညာမှုအပေါ် ကန့်ကွက်မှုများ စသည်တို့ကို ထည့်သွင်းဖော်ပြထားပြီး အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ တစ်နိုင်ငံလုံး လွှမ်းခြုံစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်မှုရှိရန်နှင့် လူမှုစီးပွားဘဝများ လုံခြုံတိုးတက်မှုရှိစေရန်အတွက် ဝိုင်းဝန်းပူးပေါင်းပေးကြရန် တိုက်တွန်းထားသည်။

ငွေစက္ကူများကို ဖျက်သိမ်းရန်မရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်သူများသို့ အသိပေးချက်ကို စက်တင်ဘာ ၁၆ ရက်က ထုတ်ပြန်ခဲ့သည်။ ငွေကျပ် ၅၀၀၀ တန်၊ ၁၀၀၀၀ တန် ငွေစက္ကူများကို စက်တင်ဘာ ၁၆ ရက်တွင် တရားဝင်ငွေစက္ကူအဖြစ်မှ ရုပ်သိမ်းသည်ဟူသည့် ကြော်ငြာစာအတုနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက စက်တင်ဘာ ၁၆ ရက်က ပြန်လည်ဖြေကြားထားပြီး ယင်းကြော်ငြာစာမှာ အတုသာဖြစ်ပြီး ပြည်သူလူထု မယုံကြည်ကြရန် ဖြေကြားထားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်နေပြီး ပုဒ်မ ၃၆ ပုဒ်မခွဲ(င)အရ တရားဝင်ထုတ်ဝေထားသည့် ငွေကြေးများအား တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုလုပ်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့သည်။

သတင်းပြန်ကြားရေးကဏ္ဍ၊ ပြည်သူများ အသိပညာမြင့်မားရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ပိုမိုအားဖြည့်လုပ်ဆောင်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၇ ရက်က လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြပြီး အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ဝန်ကြီးဌာနသည် အလွှာအသီးသီး၊ နယ်ပယ်အသီးသီးနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသည့်အတွက် ပြည်သူများ စိတ်ကျေနပ်မှုရရှိစေမည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်၊ ပြည်သူ၏ အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉/၂၀၂၁ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက် အစီအမံများ၊ အကြမ်းဖက်လုပ်ရပ်ဖြင့် နိုင်ငံမငြိမ်သက်အောင်လုပ်ဆောင်နေမှု အခြေအနေနှင့် ဖမ်းဆီးရမိသူများ၏ ဝန်ခံပြောကြားချက်များကို ရုပ်သံမှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက သတင်းထောက်များ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။

ယခုဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်း၍ ရည်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ ဦးလည်မသုန်ဆောင်ရွက်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်မှာ ရှစ်လတာ ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ လာမည့်အနာဂတ်အတွက် အစိုးရနှင့် ပြည်သူ ပူးပေါင်း၍ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးဆီသို့ အမြန်ဆုံးရောက်ရှိမည်ဟု ယုံကြည်မိပါကြောင်း။ ။



စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်နေမှုအခြေအနေများကို မြန်မာနိုင်ငံအခြေစိုက်သံတမန်များအား တွေ့ဆုံရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ခင်းကျင်းပြသထားသည်များကို လိုက်လံရှင်းလင်းပြသစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံ






**နေပြည်တော် အောက်တိုဘာ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သန်းအနက် ပထမအသုတ်အဖြစ် ကာကွယ်ဆေးတစ်သန်းနှင့် ဆေးထိုးအပ် ၁၀၀၁၆၀၀ တို့သည် ယနေ့ ညနေ ၆ နာရီခွဲတွင် Air China လေကြောင်းလိုင်းဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လှူဒါန်းပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့ တက်ရောက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ယခုအခါတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ Vaccine ထိုးနှံရန် သတ်မှတ်ထားသော ဦးတည်အုပ်စုအသီးသီးကို ကာကွယ်ဆေးထိုးနှံနေပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကပ်ရောဂါထိန်းချုပ်ရေး၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ယခု လှူဒါန်းသည့် ကာကွယ်ဆေးများသည် မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များအား ထိုးနှံပေးမည်ဟုသိရှိရပါသဖြင့် မြန်မာနိုင်ငံ၏ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများသယ်ယူပို့ဆောင်ရေး၊ မူဆယ်-ရွှေလီနယ်စပ်ဂိတ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းတွင် ကိုဗစ်-၁၉ ကုသရေးစင်တာ တည်ဆောက်ရေး အစရှိသည်တို့တွင် ပူးပေါင်းလုပ်ဆောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ စဉ်ဆက်မပြတ်ဖော်ဆောင်နေသော ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ လှူဒါန်းပေးအပ်ခြင်းနှင့် ဝယ်ယူခြင်းများတွင် အကူအညီပေးခြင်းအပြင် တရုတ်-မြန်မာနှစ်ဦးနှစ်ဖက်မှ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးအရည်ဖြည့်ထုပ်ပိုးပြီး ပူးပေါင်းထုတ်လုပ်ရန်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်းနှင့် ကောင်းမွန်တဲ့ရလဒ်ရရှိနိုင်ဖို့ မျှော်လင့်ပါကြောင်း၊ အဆွေတော်ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကျန်းမာရေးဝန်ကြီးဌာနမှ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် ကြီးမားသည့် ကြိုးပမ်းဆောင်ရွက်မှုများအတွက် လေးစားပါကြောင်း၊ မြန်မာနိုင်ငံ၏ ကာကွယ်ဆေး လွှမ်းခြုံနိုင်မှု ၅၀ ရာခိုင်နှုန်းရရှိရေး ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက်အထိ ကျဆင်းရေး ရည်မှန်းချက်ဖော်ဆောင်ရာတွင် အဆွေတော်နဲ့အတူ ရင်းနှီးစွာချိတ်ဆက်ပြီး တရုတ်နိုင်ငံမှတတ်စွမ်းသမျှ ကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဟန့်တားနိုင်ရန် ကာကွယ်ဆေးများအား အချိန်နှင့်တစ်ပြေးညီ ထိုးပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် ကာကွယ်ဆေးများအား မိမိတို့မှ ဝမ်းမြောက်စွာ လက်ခံရရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မိမိတို့ ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm Dose ပမာဏ ၃ ဒသမ ၅ သန်းအားလည်း လက်ခံရရှိခဲ့ပြီး အဆိုပါ ကာကွယ်ဆေးများအား National Vaccine Deployment Plan အရ ဦးစားပေးအုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် တရုတ်-မြန်မာ နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာဖော်ဆောင်လျက်ရှိပြီး တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက်တွင်လည်း ကပ်ရောဂါကာလအတွင်း နှစ်နိုင်ငံပြည်သူများ အသွားအလာထိန်းချုပ်ခြင်းနှင့် ကူးစက်မှုလျော့ပါးစေရေးအတွက် လှူဒါန်းရရှိထားသော Sinopharm ကာကွယ်ဆေးများအနက် တစ်သန်းကို ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရေးအတွက် နယ်စပ်ဒေသနေထိုင်သူများအား ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပြည်တွင်းလိုအပ်ချက်နှင့်အညီ အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာပံ့ပိုးမှုဖြင့် Ready to Fill Bulk(RTF) စနစ်အသုံးပြုကာ ထုတ်လုပ်ရန် ပြင်ဆင်နေမှုများအား ရှေ့ဆက်၍ အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်နှင့် ဆက်လက်ကူညီပံ့ပိုးပေးရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ခေါင်းဆောင်မှုနှင့် သံရုံးမှ အဖွဲ့ဝင်များ၏ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ အချိန်မီရောက်ရှိစေရေး မနားမနေ ကြိုးစားဆောင်ရွက်မှုများအား မိမိအနေဖြင့် အသိအမှတ်ပြု၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပြီး လာမည့်ကာလများတွင်လည်း တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုရှိစွာဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအား စည်းလုံးညီညွတ်စွာ အတူတကွတိုက်ထုတ်ရန် ဆက်လက်၍ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လွှဲပြောင်းလက်ခံသည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာအား နှစ်ဖက်လက်မှတ်ရေးထိုး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ယနေ့ ရောက်ရှိလာသည့် Sinovac ကာကွယ်ဆေးများကို တိုင်းဒေသကြီး / ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှ လည်းကောင်း အအေးလမ်းကြောင်း မပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

၁၃-၁၀-၂၀၂၁ နေ့အထိ ကာကွယ်ဆေးများ ရောက်ရှိလာမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော COVISHIELD နှစ်သန်း၊ Sinopharm ၁၄ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၈သန်း doses ရောက်ရှိပြီးဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး doses ခုနစ်သန်းကျော်အားလည်း လက်ခံရရှိပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၁၀-၂၀၂၁)ရက်နေ့ အထိ လူဦးရေစုစုပေါင်း ၁၀၅၉၁၆၀၉ ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၄၂၀၁၆၃၀ နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၆၃၈၉၉၇၉ ဦး ရှိပြီ ဖြစ်သည်။

သို့ဖြစ်ပါ၍ (၁၂-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၁၄၇၉၃၂၃၉ ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**တိုက်တွန်းနှိုးဆော်**

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများ အနေဖြင့်လည်း ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်ခရိုင်၌ ကျေးလက်လမ်း / တံတားလုပ်ငန်း ၆၈ ခုကို ငွေကျပ်သန်း ၇၀၀၀ ကျော်ဖြင့် ဆောင်ရွက်မည်

**မြိတ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ မြို့နယ်အသီးသီးမှ ကျေးလက်နေပြည်သူများအတွက် ကျေးလက်လမ်းလုပ်ငန်း ၃၅ ခုနှင့် တံတားလုပ်ငန်း ၃၃ ခုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ကာလတို ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၇၀၀၀ ကျော်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။



**တံတားလုပ်ငန်း ၃၃ ခု ဆောင်ရွက်မည်**

၂၀၂၁-၂၀၂၂ ကာလတို ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၆၉၈ သန်းနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၃၀၈ ဒသမ ၂၅ သန်းတို့ဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ မြေသားလမ်း၊ RC တိုင် RC ခင်းလမ်းများခင်းခြင်းနှင့် သံကူကွန်ကရစ်တံတားများနှင့် Box Culvert များ တည်ဆောက်ခြင်းစသည့် လမ်းလုပ်ငန်း ၃၅ ခုနှင့် တံတားလုပ်ငန်း ၃၃ ခု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တာဝန်ယူဆောင်ရွက်**

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများမှာ ကွန်ကရစ်လမ်း ၂၁ လမ်း(၁၅/၆ မိုင်)၊ ကတ္တရာလမ်းငါးလမ်း (၂/၄ မိုင်)၊ မြေသားလမ်းခြောက်လမ်း (၁၉/၃ မိုင်)၊ RC တိုင် RC ခင်းလမ်းသုံးလမ်း (၉၄၈ ပေ) တို့ဖြစ်ပြီး တံတားလုပ်ငန်းများအဖြစ် ၂၅ ပေ သံကူကွန်ကရစ်တံတားနှစ်စင်း၊ ၁၅ ပေ သံကူကွန်ကရစ် တံတားတစ်စင်း၊ ၁၀ ပေ သံကူကွန်ကရစ်တံတား ငါးစင်းနှင့် ငါးပေ သံကူကွန်ကရစ် Box Culvert ၂၅ စင်း တို့ကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရက ကြီးကြပ်၍ မြို့နယ်များအလိုက် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်)**

# ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုမှ လစ်လပ်ရာထူး ၁၉၅ နေရာအတွက် လူတွေ့နှုတ်ဖြေစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၃**
ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာစာအမှတ် (၃/၂၀၂၀)ဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ၁၉၅ နေရာအတွက် ရေးဖြေစာမေးပွဲကို ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စာစစ်ဌာနငါးခု၌ ကျင်းပခဲ့ရာ ဖြေဆိုသူ ၈၁၄ ဦးမှ ရေးဖြေအောင်မြင်သူ ၂၅၀ အား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းများကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် သုံးနေရာခွဲ၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များက အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ရေးဖြေအောင်မြင်သူ ၈၂ ဦးတို့အား ရန်ကုန်မြို့၌ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူး ၁၉၅ နေရာအတွက် ရေးဖြေအောင်မြင်သူ ၁၀၅ ဦးတို့အား စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ နေပြည်တော်တွင် လည်းကောင်း၊ ရေးဖြေအောင်မြင်သူ ၆၃ ဦးတို့အား အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိ မန္တလေးမြို့တွင် လည်းကောင်း စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**
နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကိုလေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် မြဝတီ၊ ကန်ပိုက်



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်(အရည်) တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

တီးနှင့်ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေငါးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီး တန် ၂၀၊ အောက်ဆီဂျင်(အိုးခွံ) ၁၇၁၃ ခု၊ Oxygen Plant ၁၂ ခုနှင့် နှာခေါင်းစည်း(Mask) ၂၈ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီမှ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ၁၂ ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ၁၀ ခုနှင့် ကန်ပိုက်တီးမှ မြစ်ကြီးနားမြို့သို့နှစ်ခု ဖြစ်ကြောင်း သိရှိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ိ/-နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် စားအုန်းဆီ ၇၄၀၁၁၇၂ ပိဿာ၊ တန်ချိန် ၁၂၀၉၃ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် (၂ ရာခိုင်နှုန်း) ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇-၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



မဏိနယ်လှည့်ပရဟိတ ကျန်းမာရေးအထောက်အကူပြုအဖွဲ့က ဦးဆောင်၍ မြို့နယ်အတွင်းရှိ အလှူရှင်များ၏ မတည်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သော အောက်ဆီဂျင်စက်ဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ စလင်းကျောင်းတိုက်၌ ပြုလုပ်ရာ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်လွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ကိုကြီးတင်

❑ *ကျောဖုံးမှ*

ခံယူပြီးသော်လည်း တတိယအကြိမ်ကာကွယ်ဆေး (Booster Dose)ထိုးနှံခြင်းကို နိုင်ငံတော်မှ အခမဲ့ထိုးနှံပေးနေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တွင် လာရောက်၍ ရယူထိုးနှံလျက်ရှိသည်ဟု သိရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံခြင်း မရရှိသောသူများအနေဖြင့် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်စွာခံစားရနိုင်ခြေနှင့် ရောဂါကြောင့် သေဆုံးနိုင်ခြေသည် အကြိမ်ပြည့်ထိုးနှံခြင်းခံယူထားသူများနှင့် နှိုင်းယှဉ်ပါက အလွန်မြင့်မားပါသည်။ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူတို့ကို ဦးစားပေးကာ အစီအစဉ်အလိုက် လူတိုင်းကာကွယ်ဆေးထိုးနှံမှုအကြိမ်ပြည့်ခံယူ၍ ရောဂါကူးစက်မှုမရှိစေရေး ဆောင်ရွက်ထားနိုင်မှသာလျှင် မိမိအတွက်လည်း ရောဂါကူးစက်မှုမရှိစေရေး လုံခြုံစိတ်ချရမှုရရှိမည် (No-one is safe until everyone is safe) ဖြစ်ပါသည်။ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားလာသည်နှင့်အတူ ရောဂါကူးစက်ဖြစ်ပွားသေဆုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ကာကွယ်ဆေး သာတူညီမျှစွာရရှိရေးအတွက် အကြံပြုထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့နိုင်ငံတွင်ကာကွယ်ဆေးလွှမ်းခြုံမှုများ ဦးတည်အုပ်စုများအလိုက် မြင့်မားစွာရရှိလာသည့်အခါတွင် တတိယအကြိမ်ကာကွယ်ဆေး(Booster Dose) ထိုးနှံရန်လိုအပ်ပါက ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လိုအပ်ချက်အရ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူများအနေဖြင့် ကာကွယ်ဆေးတစ်ကြိမ်မျှပင် ထိုးနှံရခြင်းမရှိသေးသည့် ရောဂါကာကွယ်မှုမရရှိသေးသူများကို ဦးစားပေး၍ လည်းကောင်း၊ မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစွာရရှိရေးအတွက်လည်းကောင်း နိုင်ငံတော်မှထိုးနှံပေးလျက်ရှိသည့် အခမဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်တွင် လာရောက်၍ တတိယအကြိမ်ကာကွယ်ဆေး (Booster Dose) ထိုးနှံမှုများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် ကာလတို ခြောက်လဘတ်ဂျက်တွင် လမ်းပေါင်း ၃၅ လမ်းနှင့် တံတား ၂၂ စင်း ဆောင်ရွက်ပေးမည်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် ကာလတို ခြောက်လ ဘတ်ဂျက်တွင် မြို့နယ် ၂၃ မြို့နယ်၌ လမ်းပေါင်း ၃၅ လမ်းနှင့် တံတား ၂၂ စင်းတို့ကို တည်ဆောက်ပေးမည်ဖြစ်သည်။

အဆိုပါ လမ်းနှင့် တံတားများကို တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခရိုင်ရှိ မြို့နယ် ၂၃ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထိုသို့ တည်ဆောက်ရာတွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၂၉၀၀ ကျော်ကို အသုံးပြု၍ ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများ အပါအဝင် လမ်းပေါင်း ၁၀ လမ်းနှင့် ကွန်ကရစ်တံတား တစ်စင်းကို တည်ဆောက်ပေးမည်ဖြစ်သည်။ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၃၉၀၀ ကျော်ကို သုံးစွဲ၍ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းနှင့် ကျောက်ချောလမ်းများ အပါအဝင် လမ်းပေါင်း ၂၅ လမ်းကို ဖောက်လုပ်ပေးမည်ဖြစ်ကာ ကွန်ကရစ်တံတား၊ ရေထုတ်ပြွန်နှင့် ရေကျော်တံတားနှစ် စင်း အပါအဝင် တံတားပေါင်း ၂၁ စင်းတို့ကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးက ပြောသည်။



"ဒီဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်မှာ ဆောင်ရွက်ပေးမယ့် လမ်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းတွေအတွက် တင်ဒါတွေ ခေါ်ယူသွားမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ လမ်းနှင့် တံတားများ တည်ဆောက်ခြင်းကို တိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်များရှိ မြို့နယ် ၂၃ မြို့နယ်၌ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ဖောက်လုပ်ပေးမည့် လမ်းပေါင်း ၃၅ လမ်းတွင် ကတ္တရာလမ်း ၂၉ လမ်း၊ ကျောက်ချောလမ်း ငါးလမ်းနှင့် ကွန်ကရစ်လမ်း တစ်လမ်းတို့ ပါဝင်ကာ တည်ဆောက်ပေးမည့် တံတား ၂၂ စင်းတွင် ကွန်ကရစ်တံတား သုံးစင်း၊ ရေကျော်တံတား နှစ်စင်း၊ ရေထုတ်ပြွန် ၁၇ စင်းတို့ ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

✪ *ကျောဖုံးမှ*

ခြောက်ပွဲကစား ငါးပွဲနိုင် တစ်ပွဲသရေဖြင့် ရမှတ် ၁၆ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ အဆိုပါအုပ်စုကို ဆားဘီးယားအသင်းက ခုနစ်ပွဲကစား ငါးပွဲနိုင် နှစ်ပွဲ သရေ ရမှတ် ၁၇ မှတ်ဖြင့် ဦးဆောင်ထားသည်။

အုပ်စု (A) တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည့် အသင်းအနေဖြင့် ဆားဘီးယားနှင့် ပေါ်တူဂီအသင်းတို့သာ နီးစပ်လျက်ရှိနေသည်။ ဆားဘီးယားအသင်းက ပေါ်တူဂီအသင်းထက် တစ်ပွဲပိုကစားထားပြီး တစ်မှတ်သာ ကွာဟနေသည့်အတွက် လက်ကျန်ပွဲစဉ်များက အကြိတ်အနယ်ရှိ လာမည်ဖြစ်သည်။ ပေါ်တူဂီအသင်းသည် ယနေ့ပွဲစဉ်တွင် စီရော်နယ်ဒို ဦးဆောင်ကာ အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပြိုင်ဘက် လူဇင်ဘတ်အသင်းကလည်း အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲချိန် ရှစ်မိနစ်နှင့် ၁၃ မိနစ်တွင် ရရှိခဲ့သည့် ပယ်နယ်တီ နှစ်ကြိမ်စလုံးကို စီရော်နယ်ဒိုက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ ထို့အပြင် ပွဲချိန် ၁၈ မိနစ်တွင် ပေါ်တူဂီအသင်း တတိယဂိုးရရှိခဲ့ပြီး ဖာနန်ဒက်စ်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို ပေါ်တူဂီအသင်းက သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ပေါ်တူဂီအသင်းကသာ ပြိုင်ဘက်လူဇင်ဘတ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများရရှိခဲ့သည်။ အသင်းအတွက် စတုတ္ထဂိုးနှင့် ပဉ္စမဂိုးကို ပွဲချိန် ၆၉ မိနစ်နှင့် ၈၇ မိနစ်တို့တွင် ပေါ်ဟင်ဟာနှင့် စီရော်နယ်ဒိုတို့က သွင်းယူပေးနိုင်ခဲ့သည်။ စီရော်နယ်ဒိုသည် ယနေ့ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် ဟက်ထရစ်သွင်းယူနိုင်ခဲ့သောကြောင့် ကလပ်နှင့် နိုင်ငံအသင်းအတွက် ဟက်ထရစ်အကြိမ်ရေ ၅၈ ကြိမ်အထိ ရှိလာခဲ့ပြီဖြစ်သည်။

အခြားသော နာမည်ကြီးပွဲစဉ်များရလဒ်တွင် အင်္ဂလန်နှင့် ဟန်ဂေရီအသင်းတို့ပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး ဒိန်းမတ်က ဩစတြီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်က လစ်သူယေးနီးယားကို လေးဂိုး-ဂိုးမရှိ၊ ပိုလန်က အယ်ဘေးနီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ကျောင်းကုန်းမြို့မှ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများအား စားစရိတ်နှင့် စက်သုံးဆီစရိတ်များ ထောက်ပံ့

**ကျောင်းကုန်း အောက်တိုဘာ ၁၃**

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ ဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် စားစရိတ်နှင့် စက်သုံးဆီစရိတ်များကို ကျောင်းကုန်းမြို့ အေးချမ်းသာယာခန်းမ၌ ယနေ့ ပေးအပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း ဆက်လက်ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားပြီးနောက် စေတနာ့ဝန်ထမ်းအဖွဲ့များဖြစ်သည့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ အောက်ဆီဂျင်ရှာဖွေရေး ပရဟိတအဖွဲ့ဝင်များ၊ မီးသဂြိုဟ်စက် အဖွဲ့များ၊နာရေးကူညီမှုအဖွဲ့ဝင်များအား စားစရိတ်နှင့် စက်သုံးဆီစရိတ်အဖြစ် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၂၆၀၀၀ စီကို မြို့နယ်မှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဘီးလင်း၌ ခြောက်လကာလအတွင်း ကုန်ထုတ်လမ်း သုံးလမ်းနှင့် ရေပေးရေးလုပ်ငန်း လေးခု ဆောင်ရွက်မည်

**ဘီးလင်း အောက်တိုဘာ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လကာလ အတွင်း ဘီးလင်းမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်များ ဈေးကွက်အတွင်းသို့ လွယ်ကူစွာသယ်ပို့နိုင်ရန်နှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ရည်ရွယ်ပြီး ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း သုံးလမ်း၊ ရေပေးရေးလုပ်ငန်း လေးခု၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့်ကျေးရွာ လေးရွာ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာ တစ်ရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




# လက်ဖက်စိုက်ခင်းများ၌ ရွှေတူးဖော်မှုများကြောင့် ဒေသခံများ စိုးရိမ်နေ

**ဟုမ္မလင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ဟုမ္မလင်းမြို့နယ် ရှမ်းနီတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာအချို့တို့ရှိ လက်ဖက်စိုက်ခင်းများ၌ ယခုအခါ တရားမဝင် ရွှေသတ္တုတူးဖော်မှုများ လုပ်ကိုင်လာကြောင်း ဒေသခံများထံမှ သိရသည်။

ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေးရှိ နောင်ပင်၊ မိုင်းဝယ်၊ ဆယ်နှိုင်းနှင့် မိုင်းတောင်း စသည့်ကျေးရွာများရှိ ရှေးအစဉ်အဆက် စိုက်ပျိုးထားခဲ့သော လက်ဖက်စိုက်ခင်းများကို ရွှေသတ္တုတူးဖော်ကြသူများက ဝယ်ယူကာ ဘက်ဟိုးစက်ယန္တရားကြီးများနှင့် မြေသယ်ယာဉ်ကြီးများကို အသုံးပြုပြီး ရွှေတူးဖော်နေကြသောကြောင့် လက်ဖက်စိုက်ခင်းများ ကုန်လုနီးပါးဖြစ်နေကြောင်း၊ တရားမဝင်ရွှေသတ္တုတူးဖော်နေမှုကို တားဆီးလိုကြသော်လည်း အခက်အခဲများရှိကြောင်း ဒေသခံများထံမှ သိရသည်။

"နောင်ပင်မျက်စောင်းထိုး မိုင်းဝယ်၊ ဆယ်နှိုင်း အဲဒီဘက်က လက်ဖက်ခင်းကုန်းတွေလည်း ကုန်နေပြီနဲ့ တူတယ်၊ စက်ယန္တရားကြီးတွေနဲ့ တိုက်နေတာ။ နောင်ပင်ရဲ့ အောက်ဘက်မှာလည်း မိုင်းတောင်းဆိုတဲ့ ရွာရှိတယ်။ သူတို့ရွာသစ် တည်ထားတဲ့ နေရာကနေ လက်ဖက်ကုန်းတွေအထိလည်း ကုန်နေပြီပြောတယ်။ ဒီလက်ဖက်ခင်းတွေ ပျောက်ရင် ဒေသခံရှမ်းနီတွေ မြေပျောက်တာနဲ့ မထူးတော့ဘူး၊ ရွှေမျှောတွေက တိုက်ပြီး ပြန်သွားတာ။ ဒေသခံက ဘာမှ ပြန်စိုက်မရပျိုးမရနဲ့ ဖြစ်ကုန်ရော။ ပြီးတော့ ရေဝေရေလဲကုန်းတွေဆို အောက်ဘက်မှာရှိတဲ့ လယ်တွေအတွက်ပါ ထိပါတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ စိုင်းဆေခမ်းဖက ပြောသည်။

ရှေးယခင်က ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးခဲ့သော လက်ဖက်ခင်းများကို မှီခိုကာ စားဝတ်နေရေး အဆင်ပြေခဲ့ကြသော်လည်း ယခုအခါ တရားမဝင် ရွှေမျှောများ တူးဖော်ကြခြင်းကြောင့် လက်ဖက်ခင်းများ ပျက်စီးခဲ့သဖြင့် စားဝတ်နေရေးနှင့် စီးပွားရေး အခက်အခဲများ ကြုံတွေ့လာရကြောင်း သိရသည်။


ရွှေတူးဖော်သွားသဖြင့် မြေသားချိုင့်ဝှမ်းကြီးဖြစ်နေသည့် နေရာတစ်ခု။

"ရွှေမျှောလုပ်ငန်းကြီးထွားလာတာနဲ့ ဒါကိုမှီခိုပြီး စားသောက်တဲ့သူတွေလည်း ရှိလာမှာပါ။ ဒါပေမယ့်လည်း ဒီလက်ဖက်ခင်းတွေ၊ ဒီတောတောင် ရေမြေသဘာဝတွေ ပျက်စီးသွားတာဆိုရင် နှိုင်းယှဉ်လို့ရမှာ မဟုတ်ပါဘူး" ဟု နောင်ပင်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဟုမ္မလင်းမြို့နယ်၌ လက်ဖက်စိုက်ပျိုးသည့် ကျေးရွာအုပ်စုပေါင်း ၃၃ အုပ်စုရှိပြီး လက်ဖက်စိုက်ပျိုးဧက ၈၀၀၀ ကျော်ရှိကာ လက်ဖက်စိုက်ပျိုးသည့်တောင်သူ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

လှိုင်ဘွား
(ဗန်းမောက်)

# သီပေါမြို့နယ်၌ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေး အသိပညာပေးဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲ ကို ယမန်နေ့က မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးက အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းသွယ်က လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်း (၇) ရပ်တွင် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းသည် တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ မသန်စွမ်းအမျိုးအစား လေးမျိုးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေများ၊ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက် ပြုကျင့်ခြင်းများရှိခဲ့လျှင် ဥပဒေအရ ကာကွယ်ပေးနိုင်မှု၊ မသန်စွမ်းသူများ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရန် ပြဋ္ဌာန်းထားသော ဥပဒေများအကြောင်းစသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်လေး
(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**ကျောင်းသားသူများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ မပျက်မကွက်လာရောက်ရန်၊

၂။ ကျောင်းသို့ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးကချမှတ်ထားသည့် စည်းကမ်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဆရာများနှင့် ကျောင်းသားများ အတူတကွ ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊

၄။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ အသုံးပြု၍ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန်၊

၅။ စာသင်ခန်းတွင်း တတ်မြောက်မှုစစ်ဆေးခြင်းနှင့် အခန်းဆုံးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မပျက်မကွက် ပါဝင်ဆောင်ရွက်ရန်၊

၆။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများတွင် ဆရာများ၏ ဦးဆောင်မှုဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊

၇။ ကျောင်းတွင်းအားကစားလှုပ်ရှားမှုများ၊ စာပေဟောပြောပွဲများ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျောင်းတွင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ရန်၊

၈။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးနှင့် ဆရာများသို့ တင်ပြ၍ အကူအညီတောင်းခံရန်၊

# နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများ လွှဲပြောင်းရေးအတွက် မြန်မာနှင့် လာအို တာဝန်ရှိသူများ ဆွေးနွေး



**တာချီလိတ် အောက်တိုဘာ ၁၃**

လာအိုနိုင်ငံမှ နေရပ်သို့ပြန်လိုကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လွှဲပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းနှင့် ထိစပ်လျက်ရှိသော လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းတွင် မြန်မာနှင့် လာအို နှစ်နိုင်ငံမှ တာဝန်ရှိသူများက အောက်တိုဘာ ၁၁ ရက်တွင် ဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် လာအိုနိုင်ငံဘက်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် နေရပ်ပြန်များကို တစ်ကြိမ်လျှင် လူ ၂၀၀ စီ ကန့်သတ်လက်ခံရာမှ အကြိမ်အရေအတွက်ကို တိုးမြှင့်ပေးရန်နှင့် တစ်ကြိမ်လျှင် ၄၀၀ အထိ တိုးမြှင့်လက်ခံပေးရန်တို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ရာတွင် လာအိုနိုင်ငံအပြင် ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ပြန်လည်လက်ခံနေကြောင်း၊ နေရပ်ပြန်များထားရှိမည့် ကွာရန်တင်းစင်တာများ၏ အကျယ်အဝန်းနှင့် ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရသဖြင့် အကန့်အသတ်ဖြင့်သာလက်ခံရခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ တတိယအကျော့ စတင်ချိန်မှစ၍ လာအိုနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ဇူလိုင် ၃၁ ရက်မှစတင်၍ ပြန်လည်လက်ခံခဲ့ရာ ယနေ့အထိ ၁၂ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်းနှင့် လူဦးရေစုစုပေါင်း ၃၂၇၇ ဦးကို သက်ဆိုင်ရာ နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အောက်တိုဘာ ၁၆ ရက်တွင်လည်း ၁၃ ကြိမ်မြောက်အဖြစ် နေရပ်ပြန် ၄၀၀ ကို ပြန်လည်လက်ခံရန် စီစဉ်ထားကြောင်း သိရသည်။ နှစ်နိုင်ငံဆွေးနွေးပွဲသို့ လာအိုနိုင်ငံမှ ဘိုကျောက်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဘက်မှ ပြည်ပရောက် မြန်မာနေရပ်ပြန်များ ပြန်လည်ပို့ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင် ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယာဆေး(ပြန်/ဆက်)

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့်သူများထားရှိရန် မရမ်းကုန်းမြို့နယ်ရှိ (MCC) မင်းဓမ္မကွာရက်တင်းစင်တာဖွင့်

ရန်ကုန် အောက်တိုဘာ ၁၃

**ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့်သူများထားရှိရန် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ဝင်းအတွင်းတွင် မင်းဓမ္မကွာရက်တင်းစင်တာဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။**

စင်တာအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



### ရှင်းလင်းပြသ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စင်တာအတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့် သူများထားရှိနိုင်ရေး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ MCC အဆောက်အအုံတွင် ၂၅၀ နှင့် မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဆောက်လုပ်လှူဒါန်းသည့် အလျား ၁၁၅ ပေ၊ အနံပေ ၄၀ ရှိအဆောင်သုံးဆောင်တွင် ၁၈၀ စုစုပေါင်း ၄၃၀ အတွက် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဦးဇော်ဇော်နိုင်တို့က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အလှူရှင် ဒေါက်တာ ဒေါ်စန်းစန်းရီက စင်တာတွင် အသုံးပြုရန် Oxygen Concentrator ငါးလုံးကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်က လက်ခံယူသည်။

ဆက်လက်၍ စင်တာတွင် အသုံးပြုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၅၀ ခုပါဘူး ၈၀၊ လက်သန့်ဆေးရည်ဘူး ၄၀၀၊ ခေါင်းစွပ် အခု ၂၀၀၊ မျက်နှာအကာ အခု ၅၀၊ PPE ဝတ်စုံ Level 2 ၁၄၉ စုံကို စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက စင်တာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ကျွန်မတို့က အဖြူရောင် အနုပညာရှင်တွေပါ။ အနုပညာရှင်ဟာ အနုပညာရှင်နေရာမှာပဲ နေရမှာပါ

**(၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပရာ သက်ကြီးအနုပညာရှင်တို့၏ ရင်တွင်းပီတိစကားသံတို့ကို ဤသို့ ကြားသိခဲ့ရသည်။**

**ရုပ်ရှင်သရုပ်ဆောင် ဒေါ်ပုလဲ**

နိုင်ငံတော်ဝန်ကြီးချုပ်က ဒီလိုမျိုးပံ့ပိုးပေးမယ်ဆိုတာ လုံးဝမထင်ထားဘူး။ မျှော်လည်း မျှော်လင့်မထားဘူးပေါ့နော်။ အိမ်ကို တပ်မတော်အရာရှိနဲ့အဖွဲ့ ရောက်လာပြီး ထောက်ပံ့ကြေးကျပ်ငွေ ၁၀ သိန်း၊ ဆန်တစ်အိတ်၊ ဆီနဲ့ ကြက်ဥအလုံး ၅၀ လာပြီး ထောက်ပံ့တော့ အံ့သြဝမ်းသာ ဝမ်းနည်းကြီးဖြစ်သွားတယ်။

အခုချိန်မှာ အမေတို့လို အနုပညာရှင်တွေ အခက်အခဲရှိသလို ကျန်တဲ့သူတွေလည်း အခက်အခဲရှိနေကြတာလေ။ အမေတို့ ရုပ်ရှင်လောကကို မရောက်မီကတည်းက မြန်မာ့ရုပ်ရှင်ဟာ စည်းစည်းလုံးလုံးနဲ့ နေထိုင်ခဲ့ကြတာ။ အခုဆိုရင် မြန်မာ့ရုပ်ရှင်ရဲ့ အသိုက်ကြီးဟာ ပျက်နေသလို ခံစားရတယ်။ အားလုံး စည်းစည်းလုံးလုံးနဲ့ အနုပညာတာဝန်ကို ထမ်းရမှာဟာ အမေတို့လောကသားတွေရဲ့ တာဝန်ပါ။ အမေဆိုရင် နှစ် ၅၀ ရွှေရတုလည်း မီခဲ့တယ်။ အခုဆိုရင် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ တောင် ကျော်သွားပြီ။

ဒီနေ့အခမ်းအနားမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အချက်သုံးချက်ကို ပြောသွားတာ အမေတို့ အလွန်အားရကြတယ်။ အခုလို အချိန်မှာ အားလည်းတက်မိတယ်။ ဘာလဲဆိုတော့ အနုပညာရှင်တွေနဲ့ ပတ်သက်တဲ့ လူမှုရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနဲ့ အရေးပေါ်ကိစ္စတွေရှိရင် အသိပေးအကြောင်းကြားဖို့ ပြောသွားတဲ့အခါမှာ အားကိုးတစ်ခု ရသွားသလိုခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရေးပေါ်ကိစ္စဆိုတာ အရပ်ထဲမှာနေနေ၊ အပြင်ပဲသွားသွား ရှိကြတာပေါ့နော်။ အလွန်ပီတိဖြစ်ပြီးဝမ်းသာသွားတယ်။ အားကိုးမဲ့နေချိန်မှာခွန်အားလည်းဖြစ်ရတယ်။ ဒီနေ့မှာ အားပေးစကားတွေ ပြောကြားသွားတဲ့ ပြန်ကြားရေးဝန်ကြီးကိုလည်း ဒေါ်ပုလဲက အထူးကျေးဇူးတင်ပါတယ်။ ပြီးတော့ အခက်အခဲရှိနေချိန်မှာ လိုအပ်မှုကို ဖြည့်ဆည်းပေးခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးနဲ့ တပ်မတော်သားအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ကွယ်။



ဒေါ်ပုလဲ



ဒေါ်နွဲ့နွဲ့စန်း

**ရုပ်ရှင်သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း**

ကျွန်မတို့ သက်ကြီးအနုပညာရှင်တွေကို နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ကြည့်တယ်။ ပြန်ကြားရေးဝန်ကြီးကလည်းကြည့်တယ်ဆိုတော့ ကျွန်မတို့အတွက် အားလည်းရှိတယ်။ မူလကတည်းက ကျွန်မတို့က အဖြူရောင် အနုပညာရှင်တွေပါ။ အနုပညာရှင်ဟာ အနုပညာရှင်နေရာမှာပဲ နေရမှာပါ။ ဒီနေ့မှာ ဝန်ကြီးချုပ်ကြီးနဲ့ မမကြူတို့က ငွေကျပ်သိန်း ၁၀၀ လှူတဲ့အတွက် အထူးကို ကျေးဇူးလည်းတင်တယ်။ ကြည်နူးတယ်။ ကျေနပ်ပါတယ်။ ကျွန်မ ဝမ်းသာခြင်းသုံးမျိုးကို ခံစားထားရတာကို ဝန်ကြီးချုပ်ကြီးနဲ့ တွေ့တဲ့အခါမှာ ပြောပါမယ်။ အခုလို အနုပညာရှင်သက်ကြီးပူဇော်ပွဲကို ထောက်ပံ့မှုပေးတဲ့အပေါ် အတိုင်းမသိ ကျေးဇူးတင်ရပါတယ်ကွယ်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ် ထွက်ရှိ



၅-၁၀-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၂၀)တွင်
- သစ်ရွက်များတည်ဆောက်ပုံနှင့် ရွက်ဖျန်းမြေသြဇာများအသုံးပြုခြင်း
- မြစ်မင်းရောင်ကျေးရွာစီမံကိန်းမှသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသို့
- ဝယ်လိုအားမြင့်နေတဲ့ ကော်ဖီဈေးကွက်အခြေအနေ
- ဆိတ်များတွင် ဖြစ်တတ်သောရောဂါများ ပျောက်ကင်းစေသည့် မြန်မာ့ဆေးမြီးတို
- တောင်အာရှမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးဘာတွေလိုအပ်သလဲ
- ကျန်းမာရေးကို ထိခိုက်စေသောအမှိုက်
- ကျန်းမာရေးကောင်းဖို့ ဆီလျှော့သုံးစို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

# ပဲခူးမြို့ ဟသ်ာကုန်းစေတီတော်မြတ်ကြီး၌ ဓာတ်လှေကားစတင်တည်ဆောက် ၂၀၂၂ ဇန်နဝါရီအတွင်း ပြီးစီးအောင် တည်ဆောက်မည်

**ပဲခူး အောက်တိုဘာ ၁၃**

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဟသ်ာကုန်းစေတီတော်မြတ်ကြီး တောင်ဘက်မုခ်တွင် ဓာတ်လှေကားတည်ဆောက်ရန်အတွက် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အောက်တိုဘာ ၁၂ ရက်က ကျင်းပသည်။

စေတီတော်မြတ်ကြီးတွင် ၁၂ ယောက်စီး ဓာတ်လှေကားတပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၂၇၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ပန္နက်တင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟသ်ာကုန်းစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များက ပန္နက်များ တင်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဟသ်ာကုန်းစေတီတော် ဩဝါဒါစရိယဆရာတော်နှင့် ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ကိုးသိန်းကျောင်းတိုက် ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**တင်စိုး(ပဲခူး)**

# ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများက အာဖဂန်နစ္စတန်ပြည်သူများကို ကူညီရန် ကတိပြု

ရောမ အောက်တိုဘာ ၁၃

**ဂျီ-၂၀ (စက်မှုထိပ်သီးနိုင်ငံများ)အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အာဖဂန်နစ္စတန် နိုင်ငံတွင် ဖြစ်ပေါ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရန် အောက်တိုဘာ ၁၂ ရက်က အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။**

အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီက အဆိုပါ အွန်လိုင်းအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အကူအညီပေးရန် လိုအပ်သည့်အပေါ် ခေါင်းဆောင်များက တညီတညွတ်တည်း သဘောတူခဲ့သည်။ တာလီဘန်များနှင့် မည်သည့် ညှိနှိုင်းဆွေးနွေးမှုမျိုးမဆို လုပ်ဆောင်သွားရန်လည်း သဘောတူလက်ခံခဲ့ကြသည်။

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများက သူတို့အနေဖြင့် အစ္စလာမ္မစ်အဖွဲ့ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုသေးကြောင်း ပြောကြားခဲ့သည်။ တာလီဘန်များသည် ဩဂုတ်လက အာဏာရယူခဲ့သည်။ ထိုသို့ အာဏာရယူခဲ့သောကြောင့် နိုင်ငံတကာ ခေါင်းဆောင်များက အာဖဂန်နိုင်ငံ၏ ပိုင်ဆိုင်မှုများကို ပိတ်ထားလိုက်ပြီး အကူအညီများ ဖြတ်တောက်ခဲ့သည်။

အာဖဂန်ပြည်သူများကို နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် အကူအညီအသစ်များပေးရန် ဂျီ-၂၀ ခေါင်းဆောင်များက သဘောတူခဲ့သည်။ ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ပေးရန် ကတိပြုခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက အမေရိကန်ဒေါ်လာ သန်း ၁၉၀ ပေးရန် သဘောတူခဲ့သည်။ လူ့အခွင့်အရေးကို ကာကွယ်ရန် အထူးသဖြင့် အမျိုးသမီးများကို ကာကွယ်ရန် အရေးကြီးကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အမေရိကန်ဒေါ်လာ သန်း ၃၀ ပေးရန် ကတိပြုခဲ့သည်။ ထို့အပြင် နိုင်ငံများအနေဖြင့် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးသင့်ပြီး အာဖဂန်ပြည်သူများ အနေဖြင့်သူတို့၏ အနာဂတ်ဘဝကို သူတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချသင့်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ဂျီ-၂၀ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

## ပြည်တွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆေးဝါးများဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် အစိုးရက ကူညီသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးပြောကြား

**တိုကျို အောက်တိုဘာ ၁၃**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ပြည်တွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆေးဝါးများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အစိုးရအနေဖြင့် အကူအညီများ ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကီရှီးဒါးသည် အောက်တိုဘာ ၁၃ ရက်က အထက်လွှတ်တော် မျက်နှာစုံညီ ငြင်းခုံဆွေးနွေးပွဲတွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ကီရှီးဒါးသည် အထွေထွေရွေးကောက်ပွဲအတွက် အောက်လွှတ်တော်ကို မဖျက်သိမ်းခင် တစ်ရက်အလိုတွင် အထက်လွှတ်တော် မျက်နှာစုံညီ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ညွန့်ပေါင်းနိုင်ငံရေးမိတ်ဖက် ကိုမေတို ပါတီကိုယ်စားလှယ်ချုပ် ယာမာဂူချီနက်ဆုအိုက ပြည်တွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆေးဝါးများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုကို အားကြိုးမာန်တက်ဖြင့် အရေးတကြီး လုပ်ဆောင်သင့်ပြီး လက်တွေ့သုံးစွဲရန်အတွက်လည်း ထောက်ပြပြောဆိုခဲ့သည်။

နိုဝင်ဘာလ အစောပိုင်းကာလမတိုင်မီ ကာကွယ်ဆေးထိုးချင်သည့် နိုင်ငံသားတိုင်း




ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါး

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် အစိုးရက ဖြည်းဖြည်းချင်း ဆောင်ရွက်မည် ဖြစ်ကြောင်း ကီရှီးဒါးက ပြောခဲ့သည်။

အစိုးရသည် သုတေသနလုပ်ဆောင်မှုများနှင့် ကာကွယ်ဆေး တိုးတက်ထုတ်လုပ်မှုများအတွက် အကြီးမားဆုံးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကီရှီးဒါးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## လေးပွင့်ဆိုင်လုံခြုံရေးမဟာမိတ်နိုင်ငံများ(ကွဒ်) ပင်လယ်ရေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက အမေရိကန်၊ အိန္ဒိယနှင့် ဩစတြေးလျ ရေတပ်များသည် ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၎င်းတို့၏ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန် ရည်ရွယ်သည်။

ရေကြောင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စစ်လက်နက်ပစ္စည်းများ စုစည်းလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၁ မာလာဘာ လေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဘက်ပေါင်းစုံလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန် ပြန်ကြားရေးတာဝန်ခံ ဂျွန်ကာဘီက သတင်းထောက်များကို အောက်တိုဘာ ၁၂ ရက်က ပြောကြားလိုက်သည်။

ကာဘီက အမေရိကန်ပြည်ထောင်စုသည် သက်ဆိုင်ရာနိုင်ငံများကြား ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန် မျှော်လင့်လျက်ရှိသည်။

လွန်ခဲ့သောလက ဝါရှင်တန်တွင် ကွဒ်မဟာမိတ်အစည်းအဝေးပြီးနောက် ယခုလို လေးပွင့်ဆိုင်လုံခြုံရေးမဟာမိတ်နိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အိန္ဒိယကမ်းလွန်တွင် ပြုလုပ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ကွဒ်အဖွဲ့ ပူးတွဲစစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရစဉ်။

## အင်အားပြင်းအပူပိုင်းမုန်တိုင်း ကွန်ပါဆုကြောင့် သေဆုံးသူ ၁၃ ဦးအထိ မြင့်တက်

**မနီလာ အောက်တိုဘာ ၁၃**

အင်အားပြင်းအပူပိုင်းမုန်တိုင်း ကွန်ပါဆုကြောင့် သေဆုံးသူ ၁၃ ဦးအထိ မြင့်တက်လာခဲ့ပြီး ကိုးဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရက အောက်တိုဘာ ၁၃ ရက်က ပြောကြားလိုက်သည်။

သေဆုံးသူအများစုမှာ ဖိလစ်ပိုင်မြောက်ပိုင်းဒေသများနှင့် လူဇုန်ကျွန်း ပလာဝမ်ပြည်နယ်တို့တွင် မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့ကြောင့်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောသည်။

အင်အားပြင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမှ အောက်တိုဘာ ၁၂ ရက်က ထွက်ခွာသွားခဲ့ပြီး ရုတ်တရက်ရေကြီးခြင်းများနှင့် မြေပြိုခြင်းများ ဖြစ်ခဲ့သည်။ လူပေါင်း ၂၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။

ပျက်စီးဆုံးရှုံးမှုသည် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် အကြီးဆုံးဖြစ်ကြောင်း အေဂျင်စီက ပြောသည်။ စိုက်ပျိုးရေးကဏ္ဍပျက်စီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်းရှိကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း ကွန်ပါဆုသည် ဖိလစ်ပိုင်နိုင်ငံသို့ အောက်တိုဘာ ၁၁ ရက်က ဝင်ရောက်ခဲ့ပြီး ယခုနှစ်အတွင်းဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ၁၃ ခုမြောက် အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူ ၃၄ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၃**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၅၈၂၃ ဦး ရှိလာသောကြောင့် အောက်တိုဘာ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်သူ ၃၄၀၀၁၇၄၃ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၂၆ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၅၁၁၈၉ ဦးအထိ ရှိလာခဲ့သည်။

သေဆုံးသူများအနက် ၁၀၆ ဦးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှဖြစ်ပြီး အဆိုပါပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု အများဆုံးဖြစ်သည်။ အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် မဟာရက်ရှ်တရာပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃ ဦး ရှိခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၂၀၇၆၅၃ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၇၂၄၇ ဦးအထိလျော့နည်းလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၃၄၂၉၀၁ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၂၂၈၄၄ ဦးရှိသည်။ **ဆင်ဟွာ**

# အနာဂတ်မရေရာသေးတဲ့ အာဖဂန်ပြည်သူများ

လင်းဟန်သစ်

နိုင်ငံခြားမှာနေထိုင်တဲ့ အာဖဂန်တွေဟာ သူတို့အာဖဂန်အစိုးရပြုတ်ကျပြီး တာလီဘန်တွေပြန်ပြီး အာဏာရရှိလာတဲ့အပေါ် အံ့သြမှင်တက်စွာနဲ့ စောင့်ကြည့်ခဲ့ရပါတယ်။ ဂျပန်နိုင်ငံမှာ ပညာလာသင်နေတဲ့ ပညာတော်သင်ကျောင်းသားတစ်ယောက်နဲ့ ဘွဲ့ရပြီး အမိနိုင်ငံကို ပြန်သွားတဲ့ ပညာတော်သင်တစ်ဦးရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး မျှော်လင့်ချက်နဲ့ စိုးရိမ်စိတ်တွေအကြောင်း နိုင်ငံတကာရေးရာကဏ္ဍအနေနဲ့ စိတ်ဝင်စားဖွယ် ဖော်ပြပေးလိုက်ပါတယ်။



ဘဏ်ရှေ့တွင် ငွေထုတ်ရန် စောင့်ဆိုင်းနေသည့် အာဖဂန်ပြည်သူများ။

## အိမ်ပြန်တာက သေမိန့်ချလိုက်သလို

အာဖဂန်နစ္စတန်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ထောက်ပံ့ကူညီဖို့ ဂျပန်နိုင်ငံက ကမကထ လုပ်ထားတဲ့ ပညာသင်ဆုပေးတဲ့ အစီအစဉ်မှာ သူတို့တွေ ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ်ကတည်းကစပြီး ဒီအစီအစဉ်မှာ အာဖဂန် ၆၀၀ လောက် ပါဝင်ခဲ့ပါတယ်။

အာရှရက်ဖ်လို့ နာမည်လွှဲထားတဲ့ အာဖဂန် ပညာတော်သင်တစ်ဦးက တာလီဘန်တွေအာဏာ ပြန်ရလာကတည်းက စိုးတထိတ်ထိတ်နဲ့ အိပ်ပျော်ရုံသာရှိခဲ့တယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာနေထိုင်ဖို့ ခွင့်ပြုထားတဲ့ ကျောင်းသားဗီဇာဟာ လာမယ့်နှစ်မှာ သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ကျောင်းပြီးလို့ အိမ်ပြန်တာက သေမိန့်ချလိုက်သလိုပါပဲလို့ ပြောခဲ့ပါတယ်။

## အခွင့်မသာခဲ့

ဂျပန်နိုင်ငံကို မလာခင်က သူဟာ အာဖဂန်အစိုးရနဲ့ အမေရိကန်စစ်တပ်မှာ အလုပ်လုပ်ခဲ့ပါတယ်။ အဲဒါက တာလီဘန်တွေကို စိတ်ဆိုးဒေါသထွက်စရာတွေဖြစ်ခဲ့ပြီး သူဟာ တာလီဘန်ရဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်... 

ငြိုးမာန်ဖွဲ့ မုန်းဖွဲ့မှုစက်ကွင်းအတွင်း ကျရောက်ခဲ့ရပါတယ်။ အဲဒီအချိန်က ရရှိခဲ့တဲ့ မက်ဆေ့ချ်မှာ "မင်းဟာနိုင်ငံခြားတိုင်းပြည်တွေကို ထောက်ပံ့ပေးနေတယ်၊ ငါတို့မင်းကို ဖမ်းမိရင်ကတော့ ငါတို့ရဲ့လက်မရွံ့သမားတွေက မင်းကို အမဲဖျက်ကြလိမ့်မယ်" လို့ ရေးသားဖော်ပြထားပါတယ်။

အာရှရက်ဖ်ဟာ မိသားစုရှိတဲ့အတွက် သူ့ရဲ့အနာဂတ်နဲ့ သူ့ရဲ့မိဘတွေကို စိုးရိမ်လျက်ရှိပါတယ်။ သူ့အဖေဟာ အာဖဂန်စစ်တပ်အရာရှိတစ်ဦးဖြစ်ပြီး အခုတော့ အိမ်မှာ ပုန်းအောင်းနေရပါတယ်။ သူ့အမေကလည်း သူ့ကိုဘယ်သူမှ မမှတ်မိစေဖို့ ဈေးဝယ်ထွက်တဲ့ အခါမှာ အမြဲတမ်းဖုံးကွယ်ပြီး သွားနေရပါတယ်။ အာဖဂန်အစိုးရ ပြုတ်ကျသွားပြီးတဲ့နောက်မှာ သူတို့ဟာ ထွက်ပြေးဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း နည်းလမ်းရှာမရခဲ့သလို ထွက်ပြေးဖို့လည်း အခွင့်မသာခဲ့ပါဘူး။

## ရန်ပုံငွေတွေ ပြတ်လပ်ကုန်ပြီ

အာရှရက်ဖ်ဟာ သူ့ရဲ့ ငွေးရမ်းနေထိုင်မှုကို ကာမိတဲ့ သူ့ရဲ့ပညာသင်ထောက်ပံ့ကြေး ယန်း ၁၅၀၀၀၀ ကနေ အပိုလေးတွေကို သူ့ရဲ့ဆွေမျိုးတွေအတွက် စုဆောင်းဖယ်ထားခဲ့ပါတယ်။ အဲဒီထဲမှာ သူ့ဇနီးနဲ့ကလေးတွေ အစားအစာအတွက်လည်း ပါဝင်ပါတယ်။ သို့သော်လည်း ပိုက်ဆံကိုတော့ ဘယ်လိုပြန်ပို့ပေးရမလဲဆိုတာ နည်းလမ်းရှာမတွေ့သေးပါဘူး။

အာဖဂန်နစ္စတန်မှာရှိတဲ့ ဘဏ်အများစုကလည်း ပိတ်ကုန်ကြပါပြီ။ အကယ်၍ သူတို့ပြန်ဖွင့်ရင်လည်း ပိုက်ဆံထုတ်တာတွေကို ကန့်သတ်ချက်နဲ့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ တာလီဘန်တို့ နိုင်ငံကို သိမ်းလိုက်ကတည်းက နိုင်ငံတကာ အသိုင်းအဝိုင်းက ပိုင်ဆိုင်မှုတွေကို ထိန်းသိမ်းလိုက်တဲ့အခါမှာတော့ ဘဏ္ဍာရေးအဆောက်အအုံတွေ၊ အင်စတီကျူးရှင်းတွေအနေနဲ့ ရန်ပုံငွေတွေ ပြတ်လပ်သွားပါတယ်။

## ကျေးဇူးပြုပြီး လျစ်လျူမရှုလိုက်ပါနဲ့

"ကျွန်တော်တို့ အာဖဂန်တွေဟာ အမြဲတမ်း အကူအညီ တောင်းခံနေရပါတယ်။ ဒါပေမယ့် ဒီတစ်ခါကတော့ တကယ့်ကို အရေးကြီးကိစ္စပါပဲ။ ကျေးဇူးပြုပြီး လျစ်လျူမရှုလိုက်ပါနဲ့" လို့ ဂျပန်အစိုးရကို အာရှရက်ဖ်က ပြောလိုက်ပါတယ်။

## လွတ်မြောက်ဖို့ ဆုံးဖြတ်ချက်ချခဲ့

အကူအညီပေးဖို့ တောင်းခံတာက အာရှရက်ဖ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ယာမာလို့ နာမည်လွှဲထားတဲ့ အာဖဂန် ပညာသင်တစ်ယောက်လည်းရှိပါသေးတယ်။ သူဟာ ဂျပန်နိုင်ငံမှာ ပညာသင်ပြီးလို့ အာဖဂန်နစ္စတန်ကို ပြန်ခဲ့တဲ့ ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ သူက ဂျပန်အစိုးရကို သူ့မိသားစုကို ကယ်ထုတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

သူ့ရဲ့ နောက်ခံပညာရေးအချက်အလက်တွေကို တာလီဘန်တို့ စိတ်ဝင်စားလာမှာကို သူက စိုးရိမ်လျက်ရှိပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ မြို့အနှံ့ တစ်အိမ်တက်တစ်အိမ်ဆင်း လှည့်လည်သွားလာနေပြီးတော့ တစ်ခါတစ်ရံမှာ ပြည်သူတွေကို ခေါ်ထုတ်သွားတယ်လို့ သူက ပြောပါတယ်။

သူ့ကလေးတွေရဲ့ အနာဂတ်ကို စဉ်းစားပြီး ယာမာဟာ လွတ်မြောက်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ကလေးဘဝ ပျော်ရွှင်မှုတွေကိုလည်း ပိတ်ပင်ထားတယ်လို့ သူကပြောပါတယ်။

## လိင်ခွဲခြားမှုမရှိဘဲ ပညာရေးအခွင့်အလမ်း တန်းတူပေးစေချင်

လိင်ခွဲခြားမှုမရှိဘဲ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ပညာရေးအခွင့်အလမ်းတွေကို ကျွန်တော်ပေးချင်တယ်။ အခုတော့ သူတို့ကို ကျောင်းတက်ခွင့်တော့ပေးထားတယ်။ ဒါပေမယ့် သူတို့ရဲ့ တက်ကြွမှုကတော့ ပျောက်ကွယ်ကုန်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သာ ဒီမှာဆက်နေမယ်ဆိုရင် သူတို့ရဲ့အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲဆိုတာ သူတို့သိနေလို့ပဲလို့ ယာမာက ပြောပါတယ်။

## မိသားစုကို အေးအေးချမ်းချမ်းထားချင်

သူက ဂျပန်ကိုပြန်ချင်တယ်။ သူ့ကလေးတွေလည်း ဂျပန်နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုဘဝကို အသားကျနေကြပြီလို့ သူကပြောပါတယ်။

ယာမာတစ်ယောက်ကတော့ ဂျပန်နိုင်ငံရဲ့ အကြောင်းကြားစာကို စောင့်နေပါတယ်။ ပြန်လာဖို့ လက်ခံခဲ့တယ်ဆိုရင်တောင်မှ ခရီးသွားဖို့ စာရွက်စာတမ်းကိစ္စဟာ ပြောသလောက် လွယ်ကူမှာ မဟုတ်ပါဘူး။

သူ့မိသားစုတချို့ရဲ့ နိုင်ငံကူးလက်မှတ်တွေဟာ သက်တမ်းကုန်ဆုံးတော့မှာပဲ ဖြစ်ပါတယ်။ အသစ်လုပ်ပေးဖို့ကလည်း ရုံးတွေပိတ်ထားပါသေးတယ်။ မိသားစုကို အေးအေးချမ်းချမ်း စောင့်ရှောက်ချင်ပြီး ငြိမ်းငြိမ်းချမ်းချမ်းပဲ နေထိုင်ချင်တယ်လို့ သူကပြောပါတယ်။

## မိန်းကလေးနဲ့ ကလေးအများစုပြောင်းရွှေ့

အာဖဂန်နစ္စတန်ရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကုလသမဂ္ဂက သတိပေးထားပါတယ်။ ဒီနှစ်အတွင်းမှာ လူပေါင်း ၆၃၄၀၀၀ လောက် ရွှေ့ပြောင်းနေထိုင်ခဲ့မှုအပါအဝင် စုစုပေါင်း ၃ ဒသမ ၅ သန်းလောက် နေရပ်ရွှေ့ပြောင်းကုန်ကြပါတယ်။ အများစုကတော့ မိန်းကလေးတွေနဲ့ ကလေးတွေပဲ ဖြစ်ပါတယ်။

ကြမ်းတမ်းခက်ခဲတဲ့ ဆောင်းတွင်းကို ဝင်ရောက်ဖို့ နီးကပ်လာပြီဖြစ်တဲ့အတွက် ကယ်ဆယ်ရေးလုပ်သားတွေလည်း သူတို့ရဲ့လုပ်ငန်းတွေကို တက်သုတ်ရိုက် လုပ်ကိုင်နေကြပါတယ်။

အာဖဂန်အများစုကတော့ နိုင်ငံတကာ အကူအညီကို မှီခိုနေကြတယ်လို့ ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီရဲ့ ကမ္ဘာလုံးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဘာဘာဘာလော့ချ်က ပြောကြားလိုက်ပါတယ်။ သူတို့တွေသာ တံခါးလာခေါက်ခဲ့မယ်ဆိုရင် ကျေးဇူးပြုပြီး ကူညီထောက်ပံ့မှုတွေကို ရှေ့ဆက်လုပ်ဆောင်ပေးကြပါ။ သူတို့ကို ပစ်ထားရမယ့်အချိန်မဟုတ်ဘူးလို့ သူက ပြောပါတယ်။

ကိုးကား-အင်န်အိတ်ချ်ကေ

❖ လိင်ခွဲခြားမှုမရှိဘဲ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ပညာရေး အခွင့်အလမ်းတွေကို ကျွန်တော်ပေးချင်တယ်။ အခုတော့ သူတို့ကို ကျောင်းတက်ခွင့်တော့ ပေးထားတယ်။ ဒါပေမယ့် သူတို့ရဲ့ တက်ကြွမှုကတော့ ပျောက်ကွယ်ကုန်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သာ ဒီမှာဆက်နေမယ်ဆိုရင် သူတို့ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲဆိုတာ သူတို့သိနေလို့ပဲလို့ ယာမာက ပြောပါတယ်

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



* *ကျောဖုံးမှ*

- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၈၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၅၇,၄၂၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၂,၈၀၃) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၈၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၅,၃၆၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၂၂၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂–၁၀–၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၀,၅၉၁,၆၀၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၄,၂၀၁,၆၃၀) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၃၈၉,၉၇၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၂–၁၀–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၄,၇၉၃,၂၃၉) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၃–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၆၄၀)ခု | (၃၆၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁)ခု | (၂၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၈)ခု | (၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁)ခု | (၇)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၉)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၀)ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၇)ခု | (၇၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၉၁၅)ခု | (၁,၀၈၈)ဦး |
| **စုစုပေါင်း** | **(၁၈,၈၆၁)ခု** | **(၁,၅၇၃)ဦး** |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၂–၁၀–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၈၉,၉၇၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၄,၂၀၁,၆၃၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၀,၅၉၁,၆၀၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၄,၇၉၃,၂၃၉) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၃- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၄၃၁၁၆၇ | ၃၄၉၉၇၉၆၈ | ၇၃၇၅၈၉ |
| ၂။ | အိန္ဒိယ | ၃၄၀၀၁၇၄၃ | ၃၃၃၄၂၉၀၁ | ၄၅၁၂၂၀ |
| ၃။ | ဘရာဇီး | ၂၁၅၉၀၀၉၇ | ၂၀၇၂၀၄၉၆ | ၆၀၁၄၄၂ |
| ၄။ | ဗြိတိန် | ၈၂၃၁၄၉၇ | ၆၇၂၄၃၄၁ | ၁၃၇၉၄၄ |
| ၅။ | ရုရှား | ၇၈၆၁၆၈၁ | ၆၉၁၆၀၈၆ | ၂၁၉၃၂၉ |
| ၆။ | တူရကီ | ၇၅၀၈၉၇၅ | ၆၉၅၇၄၄၇ | ၆၆၆၀၅ |
| ၇။ | ပြင်သစ် | ၇၀၆၃၅၁၁ | ၆၈၅၄၃၄၃ | ၁၁၇၁၅၀ |
| ၈။ | အီရန် | ၅၇၄၂၀၈၃ | ၅၂၆၄၇၇၅ | ၁၂၃၂၇၅ |
| ၉။ | အာဂျင်တီးနား | ၅၂၆၇၃၃၉ | ၅၁၃၄၆၀၄ | ၁၁၅၅၄၇ |
| ၁၀။ | စပိန် | ၄၉၇၇၄၄၈ | ၄၈၁၆၁၉၄ | ၈၆၈၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၃- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၃၁၀၄၆ | ၄၀၆၇၆၈၄ | ၁၄၂၈၁၁ |
| ဖိလစ်ပိုင် | ၂၆၉၀၄၅၅ | ၂၅၆၇၉၇၅ | ၄၀၀၆၉ |
| မလေးရှား | ၂၃၅၃၅၇၉ | ၂၂၁၇၀၅၇ | ၂၇၅၂၅ |
| ထိုင်း | ၁၇၄၀၄၂၈ | ၁၆၁၅၃၄၃ | ၁၇၉၁၇ |
| ဗီယက်နမ် | ၈၄၉၆၉၁ | ၇၈၇၂၈၆ | ၂၀၈၆၉ |
| မြန်မာ | ၄၈၂၈၀၃ | ၄၃၅၃၆၁ | ၁၈၂၂၂ |
| စင်ကာပူ | ၁၃၂၂၀၅ | ၁၀၄၈၅၆ | ၁၈၃ |
| ကမ္ဘောဒီးယား | ၁၁၅၆၀၇ | ၁၀၉၂၉၆ | ၂၅၅၉ |
| လာအို | ၂၉၉၆၄ | ၂၃၀၀၇ | ၃၅ |
| ဘရူနိုင်း | ၉၆၆၅ | ၇၃၁၅ | ၆၇ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# နေပြည်တော်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၃**

အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရန်နှင့် ကာကွယ်ဆေး လွှမ်းခြုံမှု အလျင်အမြန်ရရှိလာစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။



နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမွန်ကျော်မြင့်

ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့် စပ်လျဉ်း၍ နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမွန်ကျော်မြင့်က "အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနဲ့ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းတွေမှာ ရှိတဲ့ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေ အားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါတယ်။ အခု ဆေးထိုးရတဲ့ ရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အခြေခံပညာကျောင်းတွေကို ပိတ်ထားခဲ့ရတာ တစ်နှစ်ကျော် ရှိသွားပြီဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းတွေ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကိုဗစ်-၁၉ ရောဂါကင်းစင်စွာနဲ့ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကာကွယ်ဆေး ထိုးနှံပေးရခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးနှံပေးရာမှာ ကျောင်းသားတွေရဲ့ မိဘ၊ အုပ်ထိန်းသူတွေ သဘောတူညီချက်ရယူပြီး သဘောတူညီချက်ရတဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေး ထိုးနှံပေးနေတာဖြစ်ပါတယ်။ မိဘ၊ အုပ်ထိန်းသူတွေရဲ့ သဘောတူညီချက်မရရင်တော့ ကာကွယ်ဆေးမထိုးပေးပါဘူး။ ကာကွယ်ဆေး မထိုးထားပေမယ့်လည်း ကျောင်းတက်ရောက်ခွင့်တော့ ပေးမှာ ဖြစ်ပါတယ်။ ဆေးထိုးနှံပေးနေတာ နှစ်ရက်ရှိပါပြီ၊ ကျောင်းသားမိဘတွေကလည်း ယုံကြည်ချက်အပြည့်နဲ့ ပူးပေါင်းပါဝင်ပေးတဲ့အတွက် ဘာအခက်အခဲမှမရှိပါဘူး" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို အောက်တိုဘာ ၁၂ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ၄၉၆ ကျောင်းတွင်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၉၆၉ ဦးအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော် အစိုးရအနေနဲ့ ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ ရက်ထက်စောနိုင်သမျှစောအောင် စီစဉ် ဆောင်ရွက်နေပါတယ်။ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေး ထိုးပေးနေတဲ့အချိန်မှာ ကျောင်းသား ကျောင်းသူတွေအားလုံး လာရောက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေ ကာကွယ်ဆေး ထိုးဖို့အတွက် ကျောင်းသားတွေရဲ့ မိဘနဲ့ အုပ်ထိန်းသူတွေကလည်း ပူးပေါင်းပါဝင်ပေးဖို့ အရေးကြီးပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတဲ့ အခါမှာလည်း ကိုဗစ်လမ်းညွှန်မှုများနဲ့ ကိုက်ညီမှုရှိအောင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ NGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျောင်းသားတွေအပြင် အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်ဆေး မထိုးနှံရသေးတဲ့ ဆရာ ဆရာမတွေနဲ့ သူတို့ရဲ့ မိဘိ မိသားစုဝင်တွေကိုလည်း ထိုးနှံပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ဦးမွန်ကျော်မြင့်က ဆက်လက်ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များအလိုက် ဆေးထိုးနှံရန် သတ်မှတ်ထားသည့် စုရပ်နေရာများ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို နေ့ရက်အလိုက် သတ်မှတ်ထားသည့် လူဦးရေစာရင်းအတိုင်း ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် - ၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးမည့် စုရပ်နေရာများ၌လည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များ ထားရှိ၍ လက်ဆေးစေခြင်း၊ Mask နှင့် Face Shield များ ဝတ်ခြင်း၊ ဆေးထိုးရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်းတို့ကို တာဝန်ကျကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကြပြီး ပညာပေးဗီနိုင်းဆိုင်းဘုတ်များကိုလည်း ကျောင်းတွင်း၊ ကျောင်းပြင် ချိတ်ဆွဲထားရှိကာ အသိပညာပေးမှုများ ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

ကာကွယ်ဆေးထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူများကိုလည်း နောက်ဆက်တွဲ လက္ခဏာများ ဖြစ်ပေါ်မှု ရှိ၊ မရှိ သီးသန့်အခန်းများတွင် နာရီဝက်စောင့်ကြည့်ပြီး ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင်ရန် ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ဆေးထိုးနှံမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရန် School Bus များ စီစဉ်ပေးထားပြီး ဆေးထိုးစုရပ် ကျောင်းပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက လုံခြုံရေး ဆောင်ရွက်ပေးသည်ကို တွေ့ရှိရသည်။ **သတင်း-ဟန်မင်း ဓာတ်ပုံ-ကိုကိုအေး**



ပုဗ္ဗသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ထိုးနှံပေးရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)

# ငါးသိုင်းချောင်းမြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ငါးသိုင်းချောင်း အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အထက ကျောင်းဆေးထိုးစုရပ်၌ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ မသန်စွမ်းသူများ၊ နာတာရှည်နှင့် ကူးစက်ရောဂါမရှိသူများ၊ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများ အစရှိသည့် ဦးစားပေးဦးတည် အုပ်စုအလိုက် လူဦးရေ ၃၅၀ ခန့်အား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)



အဆိုပါ ဆေးထိုးစုရပ်၌ စက်တင်ဘာလနှင့် အောက်တိုဘာ ၁၂ ရက်အထိ ဦးစားပေးဦးတည်အုပ်စုအလိုက် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူ ၃၇၈၁ ဦးရှိခဲ့ရာ ၎င်းတို့အနက် ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးရန်ရှိသူ ၂၅၀ ကိုလည်း ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ကာကွယ်ဆေးခွဲဝေရရှိမှု အခြေအနေပေါ်မူတည်၍ ဦးစားပေးဦးတည်အုပ်စုများအလိုက် ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရပြီး သက်ဆိုင်ရာ မြို့အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများ ကာကွယ်ဆေး အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဦး(ငါးသိုင်းချောင်း)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်

**ဟိုပုံး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်တို့တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၉၈၁၈ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၂ ကျောင်း၊ ဆီဆိုင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၉ ကျောင်း၊ ပင်လောင်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၂၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၅၂ ကျောင်း စုစုပေါင်းအခြေခံပညာအထက်တန်းကျောင်း ၄၉ ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း ၁၀၃ ကျောင်းရှိပြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၁၃၈ ဦးနှင့် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများမှ အသက် ၁၂ နှစ်နှင့်အထက်ပြည့်ပြီး သတ်မှတ်ချက်ကိုက်ညီသူ ၁၅၉၁၇ ဦး၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသား ကျောင်းသူ ၇၆၃ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၈၁၈ ဦးအား ဆေးထိုးစုရပ် စုစုပေါင်း ၂၆ နေရာတို့တွင် ဆေးထိုးအဖွဲ့ (၂၈) ဖွဲ့ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်များ၌ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုမြင်ကွင်းများ

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်များ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၂ ရက်ကစတင်၍ ထိုးနှံပေးခဲ့ရာ ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးမှု မြင်ကွင်းများကို ဖော်ပြလိုက်ရပါသည်။



ဒက္ခိဏသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူတစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။ နိုင်မင်းထက်(ပြန်/ဆက်)



ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေးပေးစဉ်။ ဇော်ဖြိုး(ပြန်/ဆက်)




ဇမ္ဗူသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် ကျောင်းသားတစ်ဦးကို ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေးပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဇေယျာသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။ အေးလင်းထွန်း(ပြန်/ဆက်)



ဥတ္တရသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူတစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ခရိုင်(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူ တစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ တင်စိုးလွင်(ပြန်/ဆက်)





ပုဗ္ဗသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားတစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ မျိုးသီဟ(ပြန်/ဆက်)

# စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၃**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ယမ်းခိုင်ကျေးရွာရှိ မိုးစပါးစံပြစိုက်ကွင်းနှင့် သဘာဝမြေသြဇာ(အီးအမ်ဘိုကာရှီ) မြေဆွေးပြုလုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍(ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် နေအိမ်အသစ်ဆောက်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၃**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် နေအိမ်အသစ် ဆောက်လုပ်ခြင်းနှင့် နေအိမ်များ ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့ မြို့မရပ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ပလက်ဝမြို့နယ်အတွင်းရှိ အောက်သဲမဝ၊ ဘောင်ဝ၊ စိမ့်စမ်းဝ၊ ငဗြိ၊ အန်ခခိုဝ၊ ဆီဖလောင်၊ တမန်းသားနှင့် ပလက်ချောင်းဝကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၇၁၄ ဦးတို့အတွက် အိမ်အသစ် ၄၆ လုံး ဆောက်လုပ်ရန်နှင့် နေအိမ် ၁၀၃ လုံးကို ပြန်လည်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများကို ကျေးရွာအလိုက် အိမ်ထောင်စုဝင်များထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

တပ်မတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်ရာနေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများအပြင် နေအိမ်ဆောက်လုပ်ပြုပြင်ရန် လိုအပ်မှုများနှင့် လုပ်ကိုင်စားသောက်ရန် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အခြားလိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြဝတီမှ ရခိုင်ပြည်နယ်နေရပ်ပြန်များအား တင်ဆောင်လာသည့် မှန်လုံယာဉ်တစ်စီး အာရှလမ်းမကြီး နတ်စင်ကွေ့ အဆင်း၌ တိမ်းမှောက်

**ကော့ကရိတ် အောက်တိုဘာ ၁၃** ကရင်ပြည်နယ် ကော့ကရိတ် - မြဝတီအာရှလမ်းမကြီး မိုင်တိုင်အမှတ် ၁၅၄ နှင့် ၁၅၅ အကြား နတ်စင်ကွေ့အဆင်း၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြဝတီမှ ရခိုင်ပြည်နယ် နေရပ်ပြန်များအား တင်ဆောင်လာသည့် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြဝတီမြို့မှ ကော့ကရိတ်မြို့ဘက်သို့ ယာဉ်မောင်း မြင့်မြတ်ငြိမ်း မောင်းနှင်လာပြီး ရခိုင်ပြည်နယ်နေရပ်ပြန် ၂၂ ဦးကို တင်ဆောင်လာသည့် ယာဉ်အမှတ် YGN 2D/---- HYUNDAI မှန်လုံယာဉ်သည် အာရှလမ်းမကြီး မိုင်တိုင်အမှတ် ၁၅၄ နှင့် ၁၅၅ အကြား နတ်စင်ကွေ့အရောက်တွင် အရှိန်လွန် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်နေ ယာဉ်မောင်း မြင့်မြတ်ငြိမ်း၊ တောင်ဒဂုံမြို့နယ်နေ ယာဉ်နောက်လိုက် ဝေလင်းနိုင်၊ တောင်ကုတ်မြို့ မီးချောင်းလူရွာနေ ဦးလင်းအောင်၊ ကော့မှူးမြို့နယ် ကြာကန်ကျေးရွာနေ ဦးစိုးနိုင်၊ မြောက်ဦးမြို့နယ် စေတီတောင်ရွာနေ မဦးနွယ်ဆန်း၊ ဟိန်းဝင်းဇော်(၄)လသား၊ ကျောက်တော်မြို့နယ် သံဂနိုင်ရွာနေ ဦးအောင်ချေ၊ မသန်းညွန့်စိန်၊ မင်းပြားမြို့နယ် ထောက်ရှည်ရွာနေ မဦးဝေမ၊ မာန်အောင် မြို့နယ် ကွမ်းမြိုင် ကုန်းရွာနေ ဦးဘရွှေ၊ မြောက်ဦး မြို့နယ် ကျားရသေ့ရပ်ကွက်နေ ဦးနိုင်မျိုးဝင်းတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ၎င်းတို့သည် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းနှင်သူ မြင့်မြတ်ငြိမ်းအား ကော့ကရိတ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူရန် ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာနေရာသို့ ကော့ကရိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ပုလဲဖြူလူမှုကယ်ဆယ်ရေး အသင်းမှ တာဝန်ခံနှင့် အသင်းသားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စောအောင်မျိုးလွင်**

**(မြန်/ ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၀-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ဓမ္မစကြာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အနတ္တလက္ခဏသုတ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | မြန်မာ့ကျက်သရေတက်နေ့ရက်ရည် |
| ၀၉:၁၅ | NRC အစီအစဉ် 'ရွှေပေါင်းပစ္စည်း ဆုဆောင်းသူပူးလာလ်ဒင်း' |
| ၀၉:၄၀ | NHK အစီအစဉ် 'အရောင်မွဲအားဖြစ် အစိုင်အခဲ' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်' |
| ၁၄:၄၅ | Soccer View |
| ၁၆:၁၅ | မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး |
| ၁၇:၀၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၈) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြ မြန်မာသံတေးအလှ |
| ၂၁:၃၀ | မြန်မာ့ရုပ်ရှင်ဝင်္ကပြုအစီအစဉ် 'မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်' (ရွှေရတုကာလ)(အပိုင်း-၁) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:26 | Interesting Features of Rakhine |
| 07:46 | A Nun's Creation in Fruit Carving |
| 07:53 | Kyeikhteeyoe: Welcome All |
| 08:01 | Discovering Tribes: Enn (Their Life and Customs) |
| 08:28 | From Bamboo Strip to Sublime Buddha |
| 08:50 | Chef Life- Kyi Soe |
| 09:02 | The Lives of Stone Slab and Mortar Makers |
| 09:19 | Lantern Floating Festival in Kyauk Kyi Township |
| 09:36 | Products of Myanmar - Seashells Products |
| 09:54 | Popa Flat-Topped Hill (Taung-Ka-Lat) |
| 10:00 | The Art of Sand Painting |
| 10:32 | Myanmar's Traditional Ceramics |
| 10:37 | Underwater Photographer |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီသို့

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရွှေကရင်ရဲ့ပိန်းရွက်ခြောက်သုပ်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
နလုံးသားထဲကထာဝရရိဒ်ရေကန်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၄:၀၀ မှ ၁၇:၀၀)**
ဟင်္ဂလိုင်ပါးဘုရားဖူးကြမယ်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
အမျိုးသမီးတိုင်းကြိုတင်သိထားသင့်သော ကင်ဆာရောဂါလက္ခဏာ(၁၀)မျိုး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမိမြန်မာပြည်မြောက်များစွန်းဘက်က ရေခဲတောင်ရှိရာဆီ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel တို့ နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သီတင်းကျွတ်အမီ ချစ်သူဆီ တေးဂီတဖျော်ဖြေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် အောက်တိုဘာ ၁၃**

သီတင်းကျွတ်အမီ ချစ်သူဆီ တေးဂီတဖျော်ဖြေမှု ပွဲစဉ် (၃) ကို အောက်တိုဘာ (၁၅) ရက်၊ ည (၈) နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို Triple "S" Music Band ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စောဂျွန်၊ ဇေယျာလင်း၊ ဝတီး၊ ဟိန်းသူရအောင်၊ သားရွှေပိုး၊ သီရိခင်ဇော်၊ ကြယ်စင်သွန်း၊ ဖြိုးသရဖီကျော်၊ နန်းရှုရှုးခိုင်မင်းဇော်နှင့် နှင်းပြည့်ပြည့်အောင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို အောက်တိုဘာ (၁၇) ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၃၆) ကို အောက်တိုဘာ ၁၅ ရက်၊ ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ် (၃၆) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လက် တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ (၁၅၊ ၁၆၊ ၁၇) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ (၆) နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၁၅/၁၄၅၀ ကျပ် | ၁၄၄၅/၁၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၆၀ ကျပ် | ၁၄၆၀/၁၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၃၅ ကျပ် | ၁၄၆၀/၁၅၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၀/၁၄၆၅ ကျပ် | ၁၅၅၀/၁၅၉၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၈၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၉၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၈၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၆၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၃ . ၉၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၁၀၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၃၀ | ၂၀၂၄၆၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၃၀၀၃ | ၉၆၀၉၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁၀ | ၂၉၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပုခန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိမလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ (၁၁-၁၀-၂၀၂၁)၊ တနင်္လာနေ့၊ နံနက် ၀၉:၀၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို အောက်တိုဘာ ၁၇ ရက်တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကျန်းမာပြီး ကြံ့ခိုင်နိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်စေရေး ကျေးလက်ဒေသများသို့ ကွင်းဆင်းရှင်းလင်းဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်လာစေရန် တည်ဆောက်ခြင်း စီမံချက်ရှင်းလင်းခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကောက်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းများနှင့်အညီ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကျန်းမာပြီးကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်လာစေရန် စီမံချက်ကိုဆွေးနွေးပြီး မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းက ရှမ်းဘာသာစကားဖြင့် ပြန်လည်ရှင်းလင်းတင်ပြရာ တက်ရောက်လာသော ရပ်ရွာလူထုများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေးရေးတာဝန်ရှိသူများသည် နမ့်အွန်၊ ကုန်းညူ၊ ကောက်တိုင်၊ နမ့်ပျဉ်၊ နမ့်ပုတ်၊ ကောင်းလွတ်၊ ပန်မြိုင်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းရှင်းလင်းဆွေးနွေးခဲ့ပြီး ကျန်ရှိသည့်ကျေးရွာများသို့လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Supportive** | | | | |
| 1 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 2 | Injection- Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 3 | Injection-Ceftriazone 1G | 1's | 700 | KCL |
| 4 | Injection- Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 5 | Injection- Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 6 | Injection- Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 7 | PO - Dexamethasone | Box of 10x10's | 1450 | JDS |
| 8 | P.O - Prednisolone | Box of 10x10's | 2000 | Aorta |
| 9 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 10 | P.O Favipiravir 400 mg | 2x10 Tablet | 50000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပုခန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း ဒေသကြီး၊ ကောလင်းမြို့နယ်၊ အင်ပင်လှကျေးရွာတွင် ခမည်းတော် ဦးစိန်၊ မယ်တော် ဒေါ်ရှုတို့မှ ၁၂၉၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၄-ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်နေ့တွင် ကောလင်းမြို့နယ်၊ အင်ပင်လှကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တဇောတကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၀-ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပုခန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဒေဝိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်၊ ဒေါ်စောတင်၊ ဒေါ်စောရင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ကောလင်းမြို့နယ်၊ အင်ပင်လှရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တဇောတ၊ ရွှေဘိုမြို့၊ ပုခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ စက်ဆန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ စစ်ကိုင်းတောင်ရိုး၊ ပဌာန်းနည်းပြကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သောဘိတ၊ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ သာသနဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ တမ္ပဝတီကျောင်းဆရာတော် ဘဒ္ဒန္တအရိယ၊ ရွှေဘုန်းရှိန်ကျောင်း ဆရာတော် ဘဒ္ဒန္တဥက္ကံသ(ဆရာတော်ဦးကြယ်) စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ရန်ကုန်မြို့ စလင်းကျောင်းတိုက်တို့၌ စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မူလသံဃာ့ဝန်ဆောင် (၆၆)ပါး၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်ထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၉၈၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၂၀၀၆ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၀ ပြည့်နှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု"ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ (၁၁-၁၀-၂၀၂၁)၊ တနင်္လာနေ့၊ နံနက် ၀၉:၀၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို အောက်တိုဘာ ၁၇ ရက်တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲဝင်ခွင့်ရ အသင်း ၂၄ သင်း စုံလင်စွာထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲဝင်ခွင့်ရ အသင်း ၂၄ သင်းစလုံး စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။ တတိယအဆင့် ခြေစစ်ပွဲဝင်ခွင့် နှစ်နေရာအတွက် Play-off ပွဲစဉ်များမှာ အောက်တိုဘာ ၁၂ ရက်က ပြီးဆုံးခဲ့ပြီး အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ယခုနှစ်လယ်ပိုင်းက ပြုလုပ်ခဲ့သည့် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ၂၂ သင်း ထွက်ပေါ်ခဲ့ကာ ကျန်နှစ်သင်းမှာမူ Play-off ကစားပြီးမှ ထွက်ပေါ်ခြင်းဖြစ်သည်။ Play-off ပွဲစဉ်တွင် ကမ္ဘောဒီးယားက ဂူအမ်ကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားက တရုတ် (တိုင်ပေ)ကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စက်တင်ဘာအထိ ကျင်းပမည်ဖြစ်ပြီး လေးသင်း ခြောက်အုပ်စုခွဲကာ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုတစ်ခုမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၁ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ ဂျော်ဒန်၊ တာ့ခ်မင်နစ္စတန်၊ ကူဝိတ်၊ ဟောင်ကောင်၊ ယီမင်၊ မော်လ်ဒိုက်၊ စင်ကာပူ၊ နီပေါ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်၊ မလေးရှား၊ သီရိလင်္ကာနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အပါအဝင် ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမနေရာရ ရှစ်သင်းနှင့် အကောင်းဆုံး ဒုတိယနေရာရ လေးသင်းဖြစ်သည့် ကာတာ၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ အီရန်၊ ဆီးရီးယား၊ လက်ဘနွန်၊ အိုမန်၊ ဗီယက်နမ်၊ ယူအေအီး၊ အီရတ်၊ ဆော်ဒီအာရေဗျအသင်းတို့မှာ တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်စရာမလိုဘဲ နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။

**ရဲရင့်လွင်**

# အာရှပစိဖိတ် ICT ပြိုင်ပွဲ(APICTA)တွင် ပါဝင်ယှဉ်ပြိုင်ရန် ကွန်ပျူတာအသင်းချုပ်က ဖိတ်ခေါ်ထား

**ရန်ကုန် အောက်တိုဘာ ၁၃**

နှစ်စဉ်ကျင်းပသော Asia Pacific ICT Alliance (APICTA)ပြိုင်ပွဲကို ယခုနှစ်တွင် Virtual ပြိုင်ပွဲအနေဖြင့် ကျင်းပနေပြီဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံမှ နည်းပညာလုပ်ငန်းများနှင့် ဝါသနာရှင်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲတွင် အဓိက ပြိုင်ပွဲအမျိုးအစားများအနေဖြင့် Head Categories, Cross Categories နှင့် Technology Awards ဟု သုံးမျိုးခွဲခြားထားပြီး Head Categories တွင် Consumer, Inclusion and Community Services, Industrial, Business Services, Public Sector and Government ဟု ခေါင်းစဉ်ခွဲငါးခု ပါဝင်သည်။ Cross Categories တွင် Start Up နှင့် Research & Development ဟု ခေါင်းစဉ်ခွဲနှစ်ခု ပါဝင်ပြီး Technology Awards တွင် Artificial Intelligence(AI), Internet of Things(IoT)နှင့် Big Data ဟု ခေါင်းစဉ်ခွဲသုံးခု ပါဝင်သည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် Head Categories မှ ခေါင်းစဉ်ငါးခုတွင်သာ အဓိက ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးမှာ အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာဖြစ်သည်။ Head Categories တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အကြောင်းအရာသည် Cross Categories နှင့် Technology Awards အမျိုးအစားများမှ ခေါင်းစဉ်ခွဲများနှင့် ကိုက်ညီပါက အဆိုပါ အမျိုးအစားနှစ်ခုတွင်လည်း တစ်ဆက်တည်း ယှဉ်ပြိုင်နိုင်ပြီး အမျိုးအစားတစ်ခုစီတွင် ထပ်မံယှဉ်ပြိုင်ခြင်းအတွက် ဝင်ကြေး ၂၅ ဒေါ်လာစီ ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရောက်မည့်သူများအား အောက်တိုဘာ ၂၅ ရက်အထိ လက်ခံမည်ဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ပြိုင်ပွဲဆိုင်ရာအီးမေးလ် ictcompetition@gmail.com သို့ ယင်းနေ့နောက်ဆုံးထား၍ သတင်းပေးပို့ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က လျှောက်လွှာကို APICTA ပြိုင်ပွဲသို့ ပေးပို့လျှောက်ထားနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများ၏ ပရောဂျက်များကို နိုဝင်ဘာ ၁၂ မှ ၂၉ အတွင်း ပထမအဆင့် ရွေးချယ်၍ ဒီဇင်ဘာ ၈ မှ ၁၁ အတွင်း ဒုတိယအဆင့် ရွေးချယ်ကာ ဒီဇင်ဘာ ၁၅ ရက်တွင် ဆုပေးပွဲကျင်းပမည်ဖြစ်ကြောင်း၊ ဆုအဖြစ် ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ်(Certificate)ကို ပေးအပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအကြောင်းနှင့် လျှောက်ထားရမည့်ပုံစံ အသေးစိတ်ကို https://apicta.org/apicta-awards/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

အာရှပစိဖိတ်ဒေသအတွင်း မြန်မာနိုင်ငံ၏ အိုင်စီတီထုတ်ကုန်များ ထိုးဖောက်နိုင်ရန်၊ နည်းပညာတီထွင်ဆန်းသစ်မှုများ မြှင့်တင်ရန်၊ စွမ်းရည်မြှင့်တင်ရန်နှင့် အသုံးချရန်၊ နိုင်ငံတကာဈေးကွက်တွင် ဆန်းသစ်သည့် ICT Solution များပေါ်ထွက်လာအောင် အားပေးကူညီရန်နှင့် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကွန်ရက် တည်ဆောက်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် APICTA တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့များ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နှစ်စဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **ကိုစိုး**

# အသစ်ထွက် iPhone 13 များ ပြည်တွင်းဈေးကွက်တွင် ကျပ် ၃၇ သိန်းကျော်အထိ ဈေးရှိနေ

**ရန်ကုန် အောက်တိုဘာ ၁၃**

စက်တင်ဘာလလယ်ပိုင်းက နိုင်ငံတကာဈေးကွက်တွင် စတင်မိတ်ဆက်ခဲ့သော iPhone 13 စီးရီးထဲတွင် ပါဝင်သည့် iPhone 13, iPhone 13 Mini, iPhone 13 Pro နှင့် iPhone 13 Pro Max ဖုန်းများ ပြည်တွင်းဈေးကွက်သို့ အောက်တိုဘာ ပထမပတ်အတွင်းက စတင်ဝင်ရောက်လာခဲ့ရာ ထိုဖုန်းများထဲမှ အမြင့်ဆုံးဖြစ်သည့် iPhone 13 Pro Max(6/256 GB)သည် အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၃၇ သိန်းကျော်အထိ ဈေးရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

နိုင်ငံခြားငွေဈေးမြင့်နေခြင်းနှင့် ထုတ်ကုန်သစ်ဖြစ်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ပြီး ယခုဈေးနှုန်းများမှာ စက်တင်ဘာလကုန်ပိုင်း အကြိုမှာယူမှု လက်ခံချိန်ကထက် လျော့ကျခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလကုန်ပိုင်းက နိုင်ငံခြားငွေဈေးမှာ ယခုထက်ပိုမိုမြင့်တက်ခဲ့သဖြင့် အကြိုမှာယူမှု လက်ခံချိန်က iPhone 13 Pro Max(256GB)သည် ကျပ် ၄၃ သိန်းကျော်အထိ ဈေးမြင့်ခဲ့ကြောင်း သိရသည်။ iPhone 13 Pro Max ဖုန်းများထဲတွင် အမြင့်ဆုံးဖြစ်သော (6G/1TB)မှာ အကြိုမှာယူမှု လက်ခံချိန်က ကျပ် ၅၄ သိန်းကျော်အထိ ဈေးမြင့်ခဲ့သောကြောင့် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာခြင်း မရှိကြောင်း သိရသည်။

အသစ်ထွက် Apple ထုတ်ကုန်များဖြစ်သော iPhone 13 စီးရီးနှင့် iPad များ၏ အောက်တိုဘာ ၁၀ ရက် ပြည်တွင်းဈေးကွက်အတွင်းမှ ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| မော်ဒယ်နှင့် RAM ပမာဏ | တန်ဖိုး(ကျပ်) |
|---|---|
| iPhone 13 (128 GB) | ကျပ် ၂၃ သိန်းခန့် |
| iPhone 13 (256 GB) | ကျပ် ၂၅ သိန်းခန့် |
| iPhone 13 Pro(128 GB) | ကျပ် ၂၉ သိန်းခွဲခန့် |
| iPhone 13 Pro(256 GB) | ကျပ် ၃၂ သိန်းခွဲခန့် |
| iPhone 13 Pro Max (128 GB) | ကျပ် ၃၅ သိန်းခန့် |
| iPhone 13 Pro Max (256 GB) | ကျပ် ၃၇ သိန်းကျော် |
| iPad Mini 6 (64 GB)(Wi-Fi) | ကျပ် ၁၃ သိန်းခွဲခန့် |
| iPad Mini 6 (256 GB)(Wi-Fi) | ကျပ် ၁၇ သိန်းခန့် |
| iPad Mini 6 (64 GB)(5G) | ကျပ် ၁၇ သိန်းကျော် |
| iPad Mini 6 (256 GB)(5G) | ကျပ်သိန်း ၂၀ ကျော် |
| iPad $9^{th}$ Gen (64 GB)(Wi-Fi) | ကျပ် ၉ သိန်းခွဲခန့် |
| iPad $9^{th}$ Gen (256 GB)(Wi-Fi) | ၁၃ သိန်းကျော် |
| iPad $9^{th}$ Gen (64 GB)(4G) | ၁၃ သိန်းကျော် |
| iPad $9^{th}$ Gen (256 GB)(4G) | ၁၇ သိန်းကျော် |

## Application Review

# ဖုန်းတွေအခိုးခံရရင် ကူညီပေးနိုင်မယ့် LockWatch အက်ပလီကေးရှင်း

ဒီအက်ပလီကေးရှင်းကတော့ ကိုယ့်ဖုန်းကို ဘယ်သူတွေက ကိုယ်မသိအောင် လော့ခ်ဖွင့်ဖို့ ကြိုးစားသလဲနဲ့ ဖုန်းပျောက်သွားရင်လည်း ဘယ်နေရာကိုရောက်နေတယ်ဆိုတာကို သိနိုင်အောင် ကူညီပေးနိုင်မယ့် အက်ပလီကေးရှင်းဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းဟာ သုံးရတာလည်း ရိုးရှင်းလွယ်ကူပြီး ဂျီမေးလ်တစ်ခုရှိရုံနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

အက်ပလီကေးရှင်းရဲ့အလုပ်လုပ်ပုံကလည်း ရိုးရိုးရှင်းရှင်းဖြစ်ပြီး ဖုန်းရဲ့ Number Lock သို့မဟုတ် Pattern Lock ကို မှားဖွင့်တဲ့အခါ ဆယ်လ်ဖီကင်မရာကနေ ဓာတ်ပုံရိုက်ပြီး အဲဒီဓာတ်ပုံနဲ့အတူ ဖုန်းရဲ့ လက်ရှိတည်နေရာကို ကိုယ်ပို့စေချင်တဲ့ အီးမေးလ်ဆီကို ပို့ပေးမှာဖြစ်ပါတယ်။ တည်နေရာကို Google Map ကနေ ကြည့်နိုင်ပါတယ်။

အက်ပလီကေးရှင်းကို အသုံးပြုဖို့အတွက် ဖုန်းထဲမှာ အင်စတောလုပ်ပြီးရင် ကိုယ့်ရဲ့ ဂျီမေးလ်အကောင့်ကို အက်ပလီကေးရှင်းထဲမှာ ထည့်ပေးရမှာဖြစ်ပါတယ်။ ပြီးရင် Setting ထဲမှာ ဖုန်းလော့ခ်ဖွင့်ချိန် အမှားခံနိုင်မယ့် အရေအတွက်(တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် စသဖြင့်)ကို ရွေးချယ်ပေးရမှာဖြစ်ပါတယ်။ ကိုယ်တိုင် မတော်တဆ လော့ခ်မှားနှိပ်မိရင် မေးလ်တွေပို့နေတာမျိုးမဖြစ်အောင် ကာကွယ်ဖို့အတွက် မှားပြီးရင် ၁၀ စက္ကန့်ကြာ စောင့်ဆိုင်းပြီးမှ မေးလ်ပို့ပေးမှာဖြစ်ပါတယ်။ မေးလ်ပို့ဖို့အတွက် ဖုန်းထဲမှာ အီးမေးလ်အက်ပလီကေးရှင်းတွေရှိဖို့ မလိုအပ်ပေမယ့် အင်တာနက်လိုင်းကို ဖွင့်ပေးထားဖို့တော့လိုပါတယ်။

ဒါတွေဟာ ပလေးစတိုးမှာ အခမဲ့ရနိုင်တဲ့ LockWatch အက်ပလီကေးရှင်းထဲမှာ ပါဝင်တာဖြစ်ပြီး ငွေပေးဝယ်ရတဲ့ဗားရှင်းကို သုံးမယ်ဆိုရင်တော့ ဆင်းကတ်ကိုဖြုတ်ပြီး အသစ်လဲတာနဲ့ အီးမေးလ်ပို့ပေးတာ၊ ဖုန်းကို ပါဝါပိတ်ပစ်လိုက်ရင်တောင် ပြန်ဖွင့်ချိန်မှာ အီးမေးလ်ပို့ပေးတာ၊ အင်တာနက်လိုင်းပိတ်ထားရင်လည်း ဖွင့်တာနဲ့ အီးမေးလ်ပို့ပေးတာတွေကိုပါ လုပ်ပေးမှာဖြစ်ပါတယ်။ ဓာတ်ပုံကိုလည်း တစ်ကြိမ်မှားတာနဲ့ သုံးပုံအထိရိုက်ပြီး မေးလ်ပို့ပေးမှာဖြစ်သလို စက္ကန့် ၂၀ ကြာ အသံဖိုင်ဖမ်းယူပြီး အသံဖိုင်ကိုပါ မေးလ်ပို့ပေးမှာဖြစ်ပါတယ်။

LockWatch အက်ပလီကေးရှင်းကို ပလေးစတိုးမှာ Lockwatch – Thief Catcher BlokeTech လို့ရှာပြီး ရယူနိုင်ပါတယ်။ ဖိုင်ဆိုက်က 1MB ပဲရှိပြီး အန်းဒရွိုက်ဗားရှင်း 6 နဲ့အထက် ဖုန်းတိုင်းမှာ အသုံးပြုနိုင်ပါတယ်။ **ကျော်ဇင်ဦး**

## Game Review

# စိတ်ရှည်လွန်းသူတွေမှသာ ကစားဖို့သင့်တော်တဲ့ Super Cat World ဂိမ်း

Super Cat World ဂိမ်းဟာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က Family Game စက်တွေနဲ့ ဆော့ခဲ့တဲ့ Super Mario ဂိမ်းကို အနည်းငယ် ပြုပြင်ထားတာဖြစ်ပြီး ဂရပ်ဖစ်ကလည်း လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က အရည်အသွေးဆိုတော့ သာမန်အားဖြင့်ဆိုရင် လူကြိုက်များနိုင်တဲ့ဂိမ်းမျိုး မဟုတ်ပါဘူး။ ဂိမ်းဇာတ်လမ်းကလည်း မာရီယိုဂိမ်းလို အန္တရာယ်တွေကို ခုန်ရှောင်ပြေးသွားရတဲ့ ရိုးရိုးရှင်းရှင်း ကစားနည်းပဲဖြစ်ပါတယ်။

ဒါပေမယ့် ဒီဂိမ်းကတော့ လူကြိုက်များတဲ့အပြင် လိုင်းပေါ်မှာ ဂိမ်းတွေတိုက်ရိုက်လွှင့် ကစားပြပြီး ဝင်ငွေရှာတဲ့ Streamer အချို့တောင် အပျော်တမ်းအနေနဲ့ ကစားပြနေတဲ့ဂိမ်းဖြစ်ပါတယ်။ ဒီဂိမ်းရဲ့ထူးခြားချက်က ကစားလို့မရနိုင်လောက်အောင် အခက်အခဲမျိုးစုံ လုပ်ထားတာဖြစ်ပါတယ်။ ကစားနေရင်းနဲ့ ဖုန်းကို ပစ်ခွဲချင်လောက်အောင် စိတ်တိုလာစေတဲ့အချက်ကြောင့်ပဲ ဒီဂိမ်းဟာ လူကြိုက်များတဲ့ဂိမ်းတစ်ခု ဖြစ်လာတာပါ။ ခက်ခဲတဲ့ဂိမ်းတွေကို စိတ်ရှည်ရှည်နဲ့ ကစားနိုင်တယ်လို့ ယူဆသူတွေ စမ်းသပ်ကြည့်သင့်တဲ့ဂိမ်းဖြစ်ပြီး Super Cat World: Syobon Action HD လို့ ရှာဒေါင်းနိုင်ပါတယ်။ ဖိုင်ဆိုက်က 36 MB ပဲ ရှိပါတယ်။ **ကျော်ဇင်ဦး**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် "မြန်မာနိုင်ငံဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ခြင်းစီမံကိန်း" တွင် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူ (National Finance Expert) ရာထူးအားခန့်အပ်လိုပါ သည်။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက (၄-၁၁-၂၀၂၁) ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင်သူ (National Finance Expert) | (၁) နေရာ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီရန်လိုအပ်ပါသည် -

(က) ဝါဏိဇ္ဇဘွဲ့(B.Com)၊ မဟာဝါဏိဇ္ဇဘွဲ့ (M.Com)၊ စာရင်းကိုင်ပညာဘွဲ့ (B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)၊ အခြားဘွဲ့ (ဒီပလိုမာစာရင်းကိုင်လက်မှတ် (DA) ရရှိပြီးသူ(သို့) လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ (CPA) (သို့)LCCI (Level – 3) (သို့)ACCA အောက်လက်မှတ်ရရှိသူ)
( ခ ) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည် ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရမည်။
( ဂ ) အင်္ဂလိပ်ဘာသာကိုကျွမ်းကျင်စွာရေးသားနိုင်သူ၊ ပြောဆို ဆက်သွယ်နိုင်သူ ဖြစ်ရမည်။
(ဃ) ကွန်ပျူတာကျွမ်းကျင်ရမည်။
( င ) ဆက်ဆံရေးကောင်းမွန်ရမည်။
( စ ) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
( ဇ ) လိုအပ်ပါကပြည်တွင်းခရီးသွားလာနိုင်သူဖြစ်ရမည်။

၃။ **တာဝန်ထမ်းဆောင်ရမည့်နေရာ**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃) နေပြည်တော်

၄။ အသေးစိတ်အချက်အလက်များကိုစုံစမ်းလိုပါကရုံးအမှတ်(၃) ကုန်သွယ်ရေးဦးစီးဌာန၊ WTO နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၀၆၇-၃၄၀၈၄၃၂ ၊ ၀၆၇-၃၄၀၈ ၃၁၆၊ Email: aidfortradecoordina tionunit @gmail.comတို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 14U/8556, Higo 200/3/W (3x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၈/မကန(နိုင်) ၁၃၅၀၉၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/1727 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့် ၈/တတက(နိုင်)၀၁၅၉၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3894, HINO DUTRO XZU411, TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ TAIK KYI FAMILY CO.,LTD. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်း (၆)၊ နဝရတ်ဈေးလမ်း၊ အမှတ် (၁၅၂/က)ဟုခေါ်တွင်သော ဧရိယာ ပေ (၂၀x၆၀)အကျယ်ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးလှကျော်ဇံ ၁၂/မရက(နိုင်)၀၅၉၂၇၅မှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဦးမောင် ၁၁/မဥန(နိုင်)၀၆၆၈၁၇၊ မတင်ရွှေ ၁၁/ပဏက(နိုင်)၀၅၄၄၆၆တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဦးဦးမောင်၊ မတင်ရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၁၂) (၂၇-၆-၂၀၁၉)**
**အမှတ် (၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေစံပြကျေးရွာ၊ မြေတိုင်း(၄)၊ ဗိုလ်တေဇလမ်း၊ အမှတ်(၂၉)ဟုခေါ်တွင်သော ဧရိယာ(၂၈x၆၈)ပေ အကျယ်ရှိ မြေကွက်နှင့်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဆွေဆွေဝင်း ၁၂/မဂဒ(နိုင်) ၀၈၆၀၆၁မှ ရောင်းချရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောသန်းနိုင် ၉/မခန(နိုင်)၁၇၄၂၅၇မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစောသန်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၁၂)(၂၇-၆-၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ပုံနှိပ်စက္ကူ၊ နိုင်ငံခြားစက္ကူ၊ စာရေးကိရိယာ၊ လုပ်ငန်းသုံးနှင့် ကွန်ပျူတာဆက်စပ်စွည်းများ
## ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Indonesia IK အမျိုးအစား ပုံနှိပ်စက်သုံးစက္ကူ (၂၇"x၃၄" Size) (၁၃၀၀)ထုပ် (70gsm) Lot (1)
(ခ) **ရုံးသုံးနိုင်ငံခြားစက္ကူ Lot (2)**

| | | |
|---|---|---|
| (၁) | Paper One အမျိုးအစား A4 (70gsm) | (၁၈၀၀)ထုပ် |
| (၂) | Paper One အမျိုးအစား Legal (70gsm) | (၃၄၆)ထုပ် |
| (၃) | Paper One အမျိုးအစား A3 (70gsm) | (၃၇)ထုပ် |
| (၄) | Paper One အမျိုးအစား A5 (70gsm) | (၂၀)ထုပ် |

| | | |
|---|---|---|
| (ဂ) | စာရေးကိရိယာပစ္စည်း Lot (3) | (၇၉) မျိုး |
| (ဃ) | ကွန်ပျူတာဆက်စပ်ပစ္စည်း Lot (4) | (၄၂)မျိုး |

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ၁၅-၁၀-၂၀၂၁ရက်မှစ၍ တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၁၅-၁၁-၂၀၂၁ရက် ညနေ ၁၆:၀၀နာရီအတွင်း တင်ဒါပိတ်သိမ်းပါမည်။
၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည် မဟုတ်ကြောင်း ကြိုတင်အသိပေး အပ်ပါသည်။
၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးနှင့် စိစစ်လက်ခံရေးကော်မတီ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ် (၃၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၈၇၄၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် IN/3894 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

### စာအုပ်စာပေ လှူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ မီးရထားလမ်း၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀.၀၅၅ ဧကရှိမြေအား ဒေါ်ကေသီအမည်ဖြင့် လည်းကောင်း၊ ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်း၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ၀.၀၅၅ဧကရှိမြေအား ဒေါ်အေမီလှအမည်ဖြင့်လည်းကောင်း၊ မြေငှားဂရန်အသစ်လျှောက်ထားလာမှုများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု၊ ရင်းတိုက်ကုန်းကျေးရွာရှိ ရင်းတိုက်ကုန်းတောင်ကွင်း၊ ကွင်းအမှတ်-၅၆က၊ ဦးပိုင်အမှတ်-၁၀၂မှ က ပိုင်း၊ မြေအမျိုးအစားရွာမြေ၊ ဧရိယာ ၀ဒသမ၅၅ဧကေ မြေကွက်အား မြေငှား ဂရန်လျှောက်ထားခဲ့ရာ မြေငှားဂရန်အမှတ်-(၂၉၁/ငါး/၂၀၁၅-၂၀၁၆ Bago)ဖြင့် ဒေါ်စန္ဒာလင်းအမည်ပေါက် ၁၀ နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ယခုအခါ မူရင်းဂရန်မှာ ပျောက်ဆုံးသွားခဲ့ပါသောကြောင့် ဂရန်အသစ်အား ဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ ဒေါ်စန္ဒာလင်းမှ ဂရန်အသစ်ပြန်လည်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဒေါ်စန္ဒာလင်းမှ ဂရန်အသစ်ပြန်လည်ရရှိ ရေးကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**နှင်းဆီလမ်း၊ ကွင်းမြောက်ရပ်ကွက်၊ ကျောက်တံခါးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၈၈၁၁၇၊ ၀၉-၉၆၄၁၈၈၁၁၇**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧက၊ မြေကွက်အမှတ်(ပ-၄၁၉၈)၊ ဦးဝင်းခိုင်(ဘ)ဦးကြည် ၉/ပမန(နိုင်) ၂၀၀၄၁၉ အမည်ပေါက်ပါမစ်မြေကွက်ကို၊ ဦးကျော်မျိုးနိုင် (ဘ)ဦးမြင့်စိုး ၉/ပမန(နိုင်)၂၂၉၇၉၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီ မံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

